၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုပါ၏။

အစိုးရထုတ်

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

သက္ကရာဇ် ၁၃၆၉ ခုနှစ် တပေါင်းလဆုတ် ၁၀ ရက် ၂၀၀၈ ခုနှစ် မတ် ၂၇ ရက် ကြာသပတေးနေ့ အတွဲ (၅၆) အမှတ် (၁၀၇)

ခေတ်မီတပ်မတော် တည်ဆောက်

နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ဖို့အတွက် တပ်မတော်ကို စွမ်းရည်ရှိတဲ့တပ်မတော်အဖြစ် အမြဲတမ်း ရပ်တည်နေနိုင်အောင် တည်ဆောက်ရမှာဖြစ်တယ်။ နိုင်ငံတော်ကို အဆက်ဆက်က ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်ကြီးထဲမှာ ခေတ်မီတပ်မတော် တည်ဆောက်ရေး လုပ်ငန်းဟာလည်း အရေးပါတဲ့လုပ်ငန်းတစ်ခုဖြစ်တယ်။

နိုင်ငံတော်ရဲ့ နိုင်ငံရေး စီးပွားရေးစွမ်းအားတွေ ဖွံ့ဖြိုးလာတာနဲ့အမျှ [illegible] လူ့ဘောင်ကိုကာကွယ်ရမယ့်တပ်မတော်ဟာလည်း ခေတ်ကို ရင်ပေါင်တန်းနိုင်ရမယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၃)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ-

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ (၆၃)နှစ်မြောက် တပ်မတော်နေ့ချီတက်ပွဲအခမ်းအနားတွင် အလေးပြုခြင်း ခံယူစဉ်နှင့် စစ်ရေးပြစစ်ကြောင်းကြီးများကို ကြည့်ရှုစဉ်။

စာမျက်နှာ (၁၁)မှအဆက်

ပုံညာတော်ဟု ဆိုလိုက်သည်နှင့် လွမ်းမိုးသောနန်းမြို့၊ သမိုင်းဝင်ဆောင်ကျော်က မြန်မာတို့၏ သမိုင်းအစကို သတိရမိသည်။ မြန်မာတို့၏ သမိုင်းအစဉ်အလာက ကမ္ဘာ့ ရှေးအကျဆုံး လူသားမျိုးနွယ်၏ မူလအစတည်ရာဖြစ်သော လူ့ဘုံမျိုးမိတ်(အေ) အဆင့်မြင့် ပန်းချီများ ရုပ်သံပေါက်များ နေထိုင်ရာ ဒေသသည် မြန်မာနိုင်ငံ ပုံတောင်ပုံညာဒေသ ဖြစ်ကြောင်း သမိုင်းပညာရှင်များက ထောက်ခံထားကြသည်။ အဆိုပါ လူ့ဘုံမျိုးမိတ်နှင့်ကြွင်းများသည် ထီးနန်းစိုက် ဟာယွန် ဒေသ တွေ့ရှိရသော ပန်းချီကားတက် နှစ်ဖုန်းသန်းခန့် ဟောင်းသည်ဟု လည်း သမိုင်းသုတေသီများက ထောက်ခံထားကြသည်။

မြန်မာ့မြေပြင် အလှဆင်ရှိန်

☆ အမိမြေ ဒေသမည်ခေါ်
အလှစုံရာသား မဟာအဘေုရှ်
မြေပြန့်မင်းတော်ဆောင်များ စစ်တင်အားလျော့
ကြီးမားပြန်ကျွန်း ထိုစဉ်တည်
ဆောင့်ရုံ၊ရာ၊ဆောင်မြှ အရပ်နှင့်
စစ်မှု ဆောင်သမီး မြေပြန့်မင်းကို
ပြင်ဆင်သော်ဆင်း ဂုဏ်သောင်းကြောင့်
မြေပြင်ထွက်ချိုဦး ပုံညာရာသည်
ပထမ မြန်မာနိုင်ငံတည်။

☆ တန်ခိုးဖြင့်ဖမ်း၊ ဘုရင့်နောင်ကဲ့
ဆောင်ရွက်တောင်း စစ်ကုန်းကာ
တော့ကွင်တန်ရာသား ဘုံ့မောင်ကြိုင်
ခိုရာ စစ်ကို ခံလော့မိရဲ
မြေဆောင်ရန်ကြီး နံ့တည်ဟည့်အောင်
စုစည်းတည်ဆောက်၊ ခေါ်ရောက်မိ
ထွန်းပေါ်ဆောင်မြိုင်၊ ရာဇဝင်ဝယ်
စာတင်စီးမ ဂုဏ်ပျံ့ကြည့်
ဒုတိယ မြန်မာနိုင်ငံတည်။

☆ ကုန်းဘောင်ရွှေတို့ သမြို့ညီဟု
နေရာရွှေနန်းသစ် ထိုတင်စေလိမ့်
မြေပြန့်ပင်စိုင်ဆောင်း ဦးအောင်စေယျ
နာမ တင်ရှား အထောက်တော်တော့လျှင်
တော့ရွာမြိုင်ညီ သာမောင့်ညီအောင်
လူသည့်ဆောင်ရွှမ်း ဆုံတန့်တည့်
တော့ရွာချမ်း ပြောက်စပိုင်း ယနေ့တိုင်ပင်
တစ်နိုင်ငံသား အမျိုးကာလျှင်
ဘေးကာနာတ်ဖွဲ့ မျိုးကြောက်မြို့အောင်
ခံရေလွှာ သာတကာ တင်ရှားကြည့်
တတိယ မြန်မာနိုင်ငံတည်။

☆ ခြေပြီ...ပထမ ဒုတိယ၊ တတိယမြန်မာနိုင်ငံ
ပုံတော်ညာ ကုန်းဘောင်ပျဉ်သော
ရွှေစျေးကျော်တင်း သမိုင်းစဉ်မှ
ကုတ်ပင်တော်များ မြေပြန့်တော်ကို
ထင်ရှားရုံနိုင်၊ မျိုးချစ်စိတ်နှင့်
မြေပြန့်ပိုင်မေ့၌ ဆောင်ရံရှုလျှင်
ယနေ့ တပ်မတော်၊ နိုင်ငံတော်ကို
ပုံဖော်တည်ဆောက်၊ တပ်မချီထွက်ကဲ့
ခြေလှမ်းဆည့်နှစ်နှစ်၊ တိုင်းပြည်ဖြစ်လည်း၊
နယ်ပတ်ကို တယ်ဆမ်းဝေး
နေ့ကို မငိုငေး ရောက်မျိုးကျူးတိုင်း
တင်ကြိုးတင်ကြိုး မျိုးချစ်သွေးနှင့်
စစ်သောကညီညီ သမိုင်းဝီကာ
ချိုတက်ရာဝယ်၊ သမိုင်းကမ်းနှင်း
ပြိုးနှမ်းလွှာ ထက်ဆောင်ဂုဏ်ဆောင်
မြန်မာ့မြေပြင်၊ အလှဆင်လျှက်
ရွှေခင်း ရွှေမင်း ကြိုမြှက်သို့
စော်စေတ်ဝင်းဝင်း နန်းဘီးဆင်းယင်
နေမင်းနေ့ကို ကြိုကြိုတကာ ။

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုလျက်-

မြင့်မြတ်အောင်နိုင်မိုး

ထို့ကြောင့် ပုံတောင်ပုံညာဒေသသည် မြန်မာတို့ဇာစ်မြစ်သော တို့ တောင်ရှင်သန်ပေါက်များရာ ဘုရိနက်သန်အရပ်ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ထိုဒေသတွင် ယနေ့၏ မြန်မာနိုင်ငံ၏ အမျှော်ဆုံး ဥပင်ဖြစ်သည့် ပုံညာတောင် ရထားလမ်းပျဉ်ကို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ညီညွတ်စွာဖြင့် စွမ်းဆောင်ဖြင့် လူမှုဘက်တည့်ဆောက်နိုင်ခဲ့ပြီ ဖြစ်သည်။ ၎င်းသည်ကား မြန်မာ့သမိုင်းတွင် မော်ကွန်းမော်ကွန်းတင်ရမည့် ထူးခြားသည့်အောင်ပွဲ ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ပြီ ဒေသသတွင်း စီးပွားရေးဖွံ့ဖြိုးသော ရေရှည်တည်တံ့ခိုင်မြဲမှု ခေတ်မီဝိနည်းစနစ်များဖြင့် လူ့ဘဝ သော အတွေ့အကြုံနိုင်ကြီးများ အကောင်အထည်ဖော်ရေး အဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားရာ၌-

"တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိက အားဖြင့် စီးပွားရေးတိုးတက်ရေး ဆောင်ရွက်ကြရာတွင် သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျသည့်ဖြစ်ရာ စီးပွားရေးကုန်သွယ်မှုကို အထောက် အကူပြုသည့် ထပ်မံ လိုအပ်ချက်များ ထည့်အထောက်ပံ့ပြုမှုကို ဖြည့်ဆည်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းဖြင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့်အပြင် တိုင်းရင်းသား အချင်းချင်း လူမှုရေးဆက်ဆံမှုများလည်း ရင်းနှီးခိုင်မြဲမှုများ တိုးတက်လာမည် ဖြစ်ကြောင်း" ထည့်သွင်း မိန့်ကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်ခဲ့ နိုင်ငံတစ်ဝန်း လမ်းပင်ထားများ တည်ဆောက်ဆောင်ရွက်ခဲ့ရာ တွင် ပုံညာတောင် ရထားလမ်းပျဉ်တည်ဆောက်ရာ ချောင်းဦး-ပခုက္ကူ-ကန့်ဘလူ-ကလေး ရထားလမ်းသည်လည်း ပါဝင်ခဲ့သည်။ လမ်းပိုင်းအားဖြင့် ကျော-ချောင်းနီ ရထားလမ်းပိုင်းတွင် ပုံညာတောင်တန်းကြီးက ကာဆီးလျက်ရှိသည်။

ပုံညာတောင်တန်းကြီးအနီးတွင် ကန့်ဘလူမြို့နယ်နှင့် ထီးလင်း မြို့နယ်တို့ ရှိကြသည်။ ကန့်ဘလူမြို့နယ်က ကျောကျောရွာ သည် ပုံတောင်တောင်နှင့် ပုံညာတောင် နှစ်ခုအကြားတွင် ရှိသည်။ ကျောကျောရွာနှင့်အတူ အခြားကျေးရွာ ဘိဂျွာသည် လည်း ထိုတောင်နှစ်ခုအကြားတွင် ရှိသည်။ ကျောကျောရွာနေ ဒေသခံ ပြည်သူတစ်ဦးက "ကျေးရွာသား ပုံတောင်တောင်နဲ့ ပုံညာတောင်နှစ်ခုအကြားမှာရှိတော့ ပုံတောင်တောင်ကိုဖြတ်ဖြတ် ပုံညာတောင်ကို ဖြတ်ဖြတ် ကျော်ဖြတ်ပြီးမှ မြို့ကိုရောက်ပါတယ်။ ရေဆောင်းသယ်ပြီး မြို့ကို ခြေကျင်သွားရပါတယ်" ဟု ဆိုသည်။

ထိုအပြင် အခြားဒေသခံတစ်ဦးကလည်း "ကျေးရွာက လူမျိုးသွားနိုးရရာ တောင်တန်းတွေကကာဆီးနေတဲ့အတွက် ရှိတော့ မြို့ပြီးတိုးသွားတတ်ရင် ပုံတောင်ကိုဖြတ်ပြီး ဘုရားမြို့အထိ နှစ်ရက်ကြာ ခြေကျင်သွားခဲ့ရတယ်။ ပြီးမှ ပခုက္ကူ-မန္တလေး တို့ မြို့တွေဆီကို ကားနဲ့သွားရတယ်။ ကလေးမြို့ဘက်ကို သွားချင်ရင် ပုံညာတောင်ကို ကျော်ဖြတ်ပြီးမှ ဖြစ်သော မြစ်ကြောင်းအတိုင်း လှေနဲ့လှော်ပြီးရော တက်နေရာ လှေနဲ့ မော်တော်နဲ့ သွားခဲ့ရပါတယ်" ဟု ဆိုသည်။

လမ်းပန်း ဆက်သွယ်ရေးခက်ခဲမှုကြောင့် ဒေသခံပြည်သူ များ၏ လူမှုစီးပွားဘဝ နိမ့်ကျမှုကို တွေ့ရသည်။ ကိုယ်ချင်းစာ မိသည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ က တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုး တိုးတက်မှုကို အဓိကအလေးထားကြည့်သည့် လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်မှုကို အလေးပေး လမ်းညွှန်ကာ အကောင်အထည် ဖော်စေခဲ့သည်။ ပြည်သူများ၏ လူမှုဘဝများ မြင့်မား ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတစ်ဝန်း ကားလမ်းများ အဆင့်မြှင့်တင် ဖောက်လုပ်ပေးသကဲ့သို့ ရထားလမ်းများ ကိုလည်း ပြည်နယ်နှင့် တိုင်းများ တို့၌ ဖောက်လုပ်ပေးခဲ့သည်။

ချောင်းဦး-ပခုက္ကူ-ကန့်ဘလူ-ကလေးရထားလမ်းသည် ချင်းပြည်နယ်နှင့်ထိစပ် ကလော်ချိုင့်ဝှမ်းဒေသ နယ်စပ်ဒေသ များနှင့် ဆက်စပ်နေသည့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လမ်းကြောင်း ဖြစ်သည်။ ကျေးလက်ဒေသတစ်လျှောက် ရှည်လျားစွာ ဖောက်လုပ်ထားသည့် ရထားလမ်းကြီးဖြစ်သည့်အတွက်လည်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလမ်းကြီးဟု ခေါ်ဆိုနိုင်သည်။

ချောင်းဦး-ပခုက္ကူ-ကန့်ဘလူ-ကလေးရထားလမ်းကြီးတွင် ချောင်းဦး-ပခုက္ကူ ရထားလမ်းပိုင်းကို တပ်မတော် အင်အား သက်သက်ဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ပခုက္ကူ-ကန့်ဘလူ-ကလေးရထား လမ်းပိုင်းများကိုမူ နိုင်ငံတော်နှင့်အတူ တပ်မတော်၊ ပြည်သူတို့ ပူးပေါင်းပါဝင် ဖောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

ပခုက္ကူ-ကန့်ဘလူ-ကလေးရထားလမ်း၏ လမ်းပိုင်းတစ်ခု ဖြစ်သည့် ကျော-ချောင်းနီ ရထားလမ်းပိုင်းသည် ခက်ခဲ ကြမ်းတမ်း ချုံနွယ်ပိတ်ဆို အနေအထားပြိုကွဲနေသော ပုံတောင် ပုံညာဒေသနှင့် မြစ်သာမြစ်ဝှမ်း ဒေသများတွင် တည်ရှိသည်။ ယင်းလမ်းပိုင်းတွင် ပုံညာတောင်တန်းကြီးက ကာဆီးနေမှုကြောင့် ယခင်က ပခုက္ကူ ကျောအထိ ဥဒဟုသွားလာနိုင်ခဲ့ ကန့်ဘလူ-ကလေးအထိ ပြေးဆွဲနိုင်ရေး ချောင်းနီမှ ကလေးအထိ ၁၁၅ ဒသမ ၃၅ မိုင်ကိုသာ ဖောက်လုပ်နိုင်ခဲ့သည်။ ကျန်ရှိသော ကျော- ချောင်းနီ ရထားလမ်းပိုင်းကို ဖောက်လုပ်နိုင်ရန် ပုံညာ တောင်တန်းကို ထွင်းဖောက်ဖြတ်သန်းရမည် ဖြစ်သည်။

ထို့ကြောင့် ပုံညာတောင်ဥမင်ကို ၁၆-၁၀-၁၉၉၉ ရက်တွင် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ စွမ်းအားဖြင့် "ဆောင်ကိုထွင်းဖောက် ဆန်းဝလိုက်" ဆောင် ထော်စွမ်းဆောင် ခဲ့ကြသည်။ အခက်အခဲအများအပြားကို ရင်ဆိုင် အောင်မြင်ချမှုကို ကျော်ဖြတ်ရင်း ထွင်းဖောက်တည်ဆောက်ခဲ့ရာ ၂၅-၃-၂၀၀၆ ရက်တွင် မြန်မာတို့၏သမိုင်းအစ ဘုရိနက်သန် အမှတ်ဖြစ်ရာ ပုံတောင်ပုံညာဒေသတွင် မြန်မာနိုင်ငံ၏ အရှည်ဆုံး မီးရထား လမ်း ဥမင်ကို အောင်မြင်စွာ ဖောက်လုပ်နိုင်ခဲ့သည်။

ပုံညာတောင် ဥမင်တည်ဆော
ချောင်းဦး-ပခုက္ကူ-ကန့်ဘလူ-ကလေ
ကျော-ချောင်းနီရထားလမ်းပိုင်း
ဆက်စပ်မိသွားပြီး ချောင်းဦးမှ က
ဆောင်ရွေ့မှုက် ခရီးခါက်သွား

ပုံညာတောင် ရထားလမ်း
ကျော-ချောင်းနီ ရထားလမ်း
၂၀၀၇ခုနှစ် ဇန်နဝါရီလ ၂၂ရက်
မြို့နယ် ကျောကျောရွာ၌ ကျောဗူတ

ဖွင့်ပွဲအခမ်းအနားသို့ ဒေသ
အားအစ တက်ရောက်ကြသည်။
အခမ်းအနားကို မြင်တွေ့ရသဖြင့်
ဆည်း၊ ဂုဏ်ယူဆည်း ကျေးရွာ

ကန့်ဘလူမြို့နယ် ကျောကျော
အရွယ် အဘိုးအိုတစ်ဦးက "အရ
ပခုက္ကူ-ကန့်ဘလူ-ကလေး ရထား
လူမ်းကျွမ်းဆိုတော့ နိုင်ငံတော
တယ်။ မေ့လိုက်တဲ့ ကျွန်တော် မိ
စေချင်တယ်ဗျာ" ဟု ရင်ထဲမှ
သည်။

ထို့အတူ ကျေးရွာသားတစ်ဦး
ရဲ့ ဒေသနေ့နဲ့ ကားလမ်း ရထား
တိုက်နယ် ဒေသမှ အထောက်တန်

ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲ လမ်းပိုင်း ရှိ ပွန်ချောင်းတံတားအောက်ရှိ ရထားအမ်းသပ် စုတ်ဆောင်းဆွဲ ခရီးက ကြိုဆို တွေ့ရသည်။

(ဓာတ်ပုံ- မှတ်တမ်း- မြန်မာ့အလင်း)



ဖော်တော်ယာဉ်မြှင့် တပ်ကိုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နေပြည်တော် စစ်ရေးပြကွင်း၌ ကျင်းပသော (၆၀) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ဖော်တော်ယာဉ်မြှင့် တပ်ကိုစစ်ဆေးစဉ်။

...ဆောက်ပြီးစီးသွားသည့်အတွက်
...ကလေး ရထားလမ်း မကြီးပေါ်ရှိ
...ပိုင်း အရှည် ၂၇၉ ပေသံမဏိမြင့်သည်
... ကလေးအထိ ရထားလမ်းမကြီး
...သွားတော့သည်။
...မ်းသွယ်ဖွင့်ပွဲ အခမ်းအနားနှင့်
...ပ်ပိုင်း ဖွင့်ပွဲအခမ်းအနားကို
...ရှက်နေမှာ မကွေးတိုင်း ဂန့်ဂေါ
...ထွတ ဥပဓာရုပ္ပ ကျင်းပခဲ့သည်။
...ဒေသခံပြည်သူများ တစ်ခဲနက်
...သည်။ မထင်မှတ်ခဲ့သော အံ့ဩဖွယ်
...ဖြင့် ဒေသခံပြည်သူများ ဝမ်းသာ
...တင်မဆုံး ဖြစ်ခဲ့ကြရသည်။
...ကျေးရွာမှ အသက်(၈၃)နှစ်
...အရာတော့ ပုလဲ-ဂန့်ဂေါလမ်း
...ထားလမ်းပေါက်ပြီး သွားလာရ
...ပ်အခိုက်ရကို ကျေးဇူးတင်လှပါ
...ဲ ဒီလ ဘိုးတွားတွေကို မြင်ဝမ်း
...ဉ်းစကားကို ဝမ်းသာအားရဆို
...ဦးကလည်း "အရင်တော့ နိုင်ငံတော်
...ာလမ်းတွေ ဖောက်ပေးတဲ့အခြင်
...ဆိုကျောင်းမှဲ့ ဆော်ကိုတယ်ဝီ

ဖုန်တွေ ဖွင့်လှစ်ပေးတော့ ဆက်သွယ်သွားလာမှု လွယ်ကူပါပြီ၊ ပုံညာတောင် ရထားလမ်း ဥမင်ဟာ နိုင်ငံ့အတွင်း အရှည်ဆုံး ဥမင်ဖြစ်တယ်ဆိုတာသိရလို့ ဝမ်းသာမဆုံး ကျေးဇူးတင်မဆုံး ဖြစ်ရပါ"ဟု ကျေးရွာသားတစ်ဦးက ရင်ဖွင့်စကားကို ဆိုသည်။

ထိုအလင်းမြို့နယ် ဓမ္မောက်ရွာသူတစ်ဦးကလည်း "ပုံညာတောင် ရထားလမ်း ဥမင်ဖွင့်ပြီးတဲ့နောက် မြန်မာနိုင်ငံအနှံ့နယ်ကို ရထားနဲ့ လွယ်လွယ်ကူကူ သွားလာနိုင်ပြီဆိုတော့ ရွာလူထုတွေ ဒေသခံတွေအားလုံး သွားလာ ရေး အဆင်ပြေသွားပြီ၊ ရွေ့ရှိုးသားချင်းတွေနဲ့ လွယ်လွယ်ကူကူ ဆက်သွယ်နိုင်ပြီ၊ နိုင်ငံတော်ကို ကျေးဇူးတင်ရပါတယ်ရှင်"ဟု ဝမ်းမြောက်ပီတိစကားကို ပျော်ရွှင်စွာ ဆိုခဲ့သည်။

ဒေသခံပြည်သူတို့၏ ရင်တွင်းစကားတို့သည်ကား ထိုနေရာ ထိုဒေသမှသာသော လွှင့်ပျံကြားသိနေရသည်ကား မဟုတ်ချေ။ နိုင်ငံတစ်ဝန်း ကားလမ်း ရထားလမ်း ထိုသောဒေသည်တို့ ဖောက်လုပ်တည်ဆောက်နေဆဲကာလ ဖောက်လုပ်တည်ဆောက်ပြီး ကာလများတွင်လည်း ထိုဒေသ ထိုရပ်ကျေးရှိ ဒေသခံပြည်သူများ၏ ရင်တွင်းမှ ပီတိစကားသံများကို ကြားသိနေရဆဲ ဖြစ်ပါသည်။

ယခုအခါ နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ပန်းအလှ ဖွံ့ဖြိုးဆောင်ရွက်ပြီး ထိုင်းရင်းသားပြည်သူတို့၏ ကျေးရွာ အားရသော ပီတိစကားများသည်ကား နိုင်ငံတစ်ဝှမ်း ပန်းလို့ အလား ကြိုင်သင်းမွှေးကြူ သင်းပျံ့လို့နေပါပြီ။

၁၉၈၈ခုနှစ် နောက်ပိုင်းတွင် နိုင်ငံတော်က ပြည်သူများ၏

(၆၂)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံ အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်နယ်နှင့်တိုင်းများ၌ ရထားလမ်းများ တိုးချဲ့ဖောက်လုပ်ခဲ့ရာ-

အလယ်ပိုင်းမဟာတောင်တန်းကို ဖြတ်ကျော်သည့် ပြည်-အောင်လံ-တောင်တွင်းကြီးနှင့်ဆက်စပ်ပြီး ရန်ကုန်မှ မုံ-ရွာသို့ကြီး မြစ်ကြီး မွန့်လေးလိုင်းလည်းကောင်း၊ ပြည်နယ်၊ တိုင်းဒေသ ဆက်စပ်ပေးသည့် ရန်ကုန်-ပေါင်တည်-ပေ-ထားဝယ်လိုင်းလည်းကောင်း၊ ရခိုင်ရိုးမတောင်တန်းဖြတ်ကျော်သည့် ရွှေညောင်-တောင်ကြီး- နမ့်စန်လိုင်းလည်းကောင်း၊ ပုံညာတောင်တန်း ဖြတ်ကျော်သည့် ရှောင်ဦး-ပခုက္ကူ- ကျောက်ပန်းတောင်း ဂန့်ဂေါ-ကလေးလိုင်းလည်းကောင်း၊ ရည်ရွယ်သည့် ရထားလမ်းဆက်ကြောင်းကြီးကို တည်ဆောက် ဖောက်လုပ်ပေးခဲ့ပြီး ဖြစ်သည်။

ထို့ပြင် ယခုအခါ ပုသိမ်-ဟင်္သာတ-ကြိုခင်း ရထားလမ်းကို ပြည် အနောက်ဘက်ကမ်း ပန်းတောင်းသို့ တိုးချဲ့ ဖောက်လုပ်နေပြီး ပခုက္ကူအထိ တစ်ဆက်တစ်စပ်တည်း ဖောက်လုပ်မည်ဖြစ်ရာ မကြာမီသော ကာလတွင် ရေတပ်ဗြိမ်အနောက်ဘက်မြန်မာ့ မြန်မာနိုင်ငံတောင်- မြောက်သွား ရထားလမ်းဆက်ကြောင်းသစ်ကြီး တစ်ခု ပေါ်ထွန်းလာတော့မည် ဖြစ်ပေသည်။

၎င်းတို့အနက် တပ်မတော်သားများသက်သက် ဖောက်လုပ်ခဲ့သော ရထားလမ်းများမှာ **ရှောင်ဦး-ပခုက္ကူလမ်း၊ ရွှေညောင်-ရပ်စောက်လမ်း၊ အောင်ပန်း-လွိုင်ကော်လမ်း၊ ရွှေညောင်-နမ့်စန်လမ်း၊ ပေ-ထားဝယ်လမ်းနှင့် ပြည်-အောင်လံ-တောင်တွင်းကြီးလမ်း** တို့ ဖြစ်ကြသည်။

တိုင်းရင်းသားပြည်သူများ မီးရထားဖြင့် ခရီးသွားလာရေး အဆင်ပြေစေရန် ၁၉၈၈ခုနှစ်နောက်ပိုင်း နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ စွမ်းအားဖြင့် ဖောက်လုပ်တည်ဆောက်ခဲ့သည့် မီးရထားလမ်းများကိုကြည့်လျှင် ၁၉၈၈ မတိုင်မီက ရထားလမ်းအရှည် ၁၉၇၉ ဒသမ ၄၅ မိုင်သာ ရှိခဲ့ရာမှ တပ်မတော် အစိုးရလက်ထက်တွင် ရထားလမ်းမိုင်အရှည် ၁၀၃၂ ဒသမ ၄၄ မိုင်ကို တိုးချဲ့ဖောက်လုပ်နိုင်ခဲ့သဖြင့် ယနေ့အခါတွင် ရထားလမ်းအရှည် စုစုပေါင်း ၃၀၁၁ ဒသမ ၈၉ မိုင်ရှိပြီ ဖြစ်သည်။

ထို့အပြင် ၁၉၈၈ခုနှစ် မတိုင်မီက ဘူတာရုံ ၄၈၇ ဘူတာသာ ရှိခဲ့ရာမှ တပ်မတော်အစိုးရလက်ထက်တွင် ၃၁၁ဘူတာ တိုးချဲ့တည်ဆောက်နိုင်ခဲ့သဖြင့် ယခုအခါ ဘူတာရုံပေါင်း ၇၉၈ဘူတာရှိပြီ ဖြစ်သည်။ မီးရထားလမ်းတံတားအနေဖြင့် ၁၉၈၈ခုနှစ်က တံတားကြီး၊ တံတားငယ် စုစုပေါင်း အခင်း ၅၈၆၉ ရှိခဲ့ရာမှ တပ်မတော်အစိုးရလက်ထက်တွင် ၃၀၁၀ခင်း တိုးချဲ့တည်ဆောက်နိုင်ခဲ့သဖြင့် ယခုအခါ စုစုပေါင်း ၈၈၇၉ခင်း ရှိနေပြီ ဖြစ်သည်။

ထို့ပြင် နေ့စဉ်ပြေးဆွဲနေသော လူစီးရထားမှာ ၁၉၈၈ခုနှစ်တွင် ၂၂၉စင်းသာ ရှိခဲ့ရာမှ ယခုအခါ လူစီးရထား ၃၈၉ စင်းအထိ တိုးတက်ပြေးဆွဲနိုင်ခဲ့ပြီ ဖြစ်သည်။

နိုင်ငံကာကာတွင် မီးရထားဖြင့် ခရီးသွားခြင်းကို လူအများ နှစ်သက်ကြလာသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း မီးရထားဖြင့် ခရီးသွားသူများ တစ်နေ့တခြား တိုးပွားများပြားလာလျက်ရှိသည်။ မီးရထားဖြင့် ခရီးသွားခြင်းသည် စေ့စပ်သိမ်မွေ့စွာ သက်သာခြင်း၊ စရိတ်သက်သာခြင်း၊ ကုန်စည်စီးဆင်းမှု လွယ်ကူခြင်းတို့ကြောင့် ပျော်ကြီးချမ်းသာလာကြခြင်း ဖြစ်သည်။

ထို့အပြင် တိုင်းရင်းသားပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းသည့်အနေဖြင့် လည်းကောင်း၊ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးကို ဦးတည်၍လည်းကောင်း ယခုကဲ့သို့ မီးရထားလမ်း အဝါအဝင် လမ်းတံတားများကို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် လက်တွဲ၍ ကြိုးပမ်းအကောင်အထည်ဖော် တည်ဆောက်ပေးနေခြင်း ဖြစ်သည်။

ယခုအခါ တိုင်းရင်းသားပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းသည့်အနေဖြင့် ရှောင်ဦး-ပခုက္ကူ-ဂန့်ဂေါ-ကလေး မီးရထားလမ်းကြီးကို ကျော-ရေချက်ဗိ ရထားလမ်းပိုင်း ဖွင့်လှစ်ခြင်း၊ ပုံညာတောင်ဥမင် ဖွင့်လှစ်ခြင်းတို့နှင့်အတူ ဆက်စပ်ဖောက်လုပ်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။

ထပ်ရည်အားဖြင့်ဆိုရသော် မြန်မာ့သမိုင်းတစ်လျှောက် ပုံတောင်ပုံညာဒေသ ဝန်းကျင်ရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲပြီး လမ်းပန်းဆက်သွယ်ရေး အောင်ပွဲတစ်ရပ်ကို ဆင်နွှဲရယူခဲ့ခြင်းဖြစ်ပါကြောင်း၊ (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။



နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ စုပေါင်းစွမ်းပကားဖြင့် ဆင်နွဲ ပုံညာတောင်ရထားလမ်းဥမင် ဖွင့်လှစ်ခြင်းအခမ်းအနား

တက္ကသိုလ် ဓမောင်သုလှိုင်

[illegible]

[illegible]

[illegible]

[illegible]

အထူးထုတ် (၁)သို့

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၀ ရက်၊ ၂၀၀၇ ခုနှစ်၊ မတ် ၂၇ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၆)၊ အမှတ် (၁၇၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

(၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မတ် ၂၆

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၇) တည်းခိုရေးစခန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဝင်များ၊ စီမံခန့်ခွဲရေးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများနှင့် စစ်ရေးပြလုပ်ငန်းအဖွဲ့တို့မှ ဥက္ကဋ္ဌများနှင့် စစ်ရေးပြမှူးကြီးနှင့် စစ်ကြောင်းမှူးများ တက်ရောက်ကြသည်။

ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်

ရှေးဦးစွာ (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက အဖွင့်အမှာစကားပြောကြားရာတွင် (၆၂)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားကို ယခင်နှစ်များထက် ပိုမိုခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူများက ဦးစီးဦးဆောင်ပြု စီမံဆောင်ရွက်ထားသည်နှင့်အညီ စီမံခန့်ခွဲရေးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများနှင့် စစ်ရေးပြ လုပ်ငန်းအဖွဲ့တို့မှ တာဝန်ရှိသူများအားလုံး အနေဖြင့်လည်း စည်းကမ်းစနစ်ကျနစွာ တာဝန်သိသိဖြင့် မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ကော်မတီများမှ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်၊ အားနည်းချက်၊ အားသာချက်များကို သုံးသပ်တင်ပြကြရန်နှင့် လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

(၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ စုပေါင်းစွမ်းပကားဖြင့် ဆင်နွှဲ ပုံညာတောင်ရထားလမ်းဥမင် ဖွင့်လှစ်ခြင်းအောင်ပွဲ

ယခုအခါ မြန်မာနိုင်ငံ၏ အရှည်ဆုံး ဥမင်ဖြစ်သည့် ပုံညာတောင်ရထားလမ်း ဥမင်ကို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ညီညာလက်တွဲမှုစွမ်းပကားဖြင့် တူးဖောက်တည်ဆောက်နိုင်ခဲ့ပြီဖြစ်သည်။ ၎င်းသည်ကား မြန်မာ့သမိုင်းတွင် ဖော်ညွှန်း မော်ကွန်းတင်ရမည့် ထူးခြားသည့် အောင်ပွဲ ဖြစ်သည်။

(တက္ကသိုလ်မောင်သုလိုင်၏ ဆောင်းပါး (အထူးထုတ် - ဃ၊ ၁၊ ဂ))

မြန်မာ့မြေပြင် အလှဆင်ချိန်

(မြင်းမူမောင်နိုင်မိုး၏ ကဗျာ(အထူးထုတ် - ၁))

နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက်

(ရဲမင်းထက်၏ ကာတွန်း (စာ - ၆))

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ရောင်စုံအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် (၆၂)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု အထူးထုတ် ရောင်စုံအချပ်ပို လေးမျက်နှာ ပူးတွဲပါရှိပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မတ် ၂၇ ရက်)

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ရေး အစဉ်ကာကွယ်စောင့်ရှောက်လျက်ရှိသည့် တပ်မတော်

၂၀၀၇ ခုနှစ် မတ်လ ၂၇ ရက်နေ့ **(ယနေ့)**သည် (၆၂)နှစ်မြောက် တပ်မတော်နေ့ ဖြစ်သည်။

တပ်မတော်ကို လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် မျိုးချစ်စိတ်ရှိသော တိုင်းရင်းသား ပြည်သူတို့၏ ရင်နှစ်သည်းချာများဖြင့် စတင်သန္ဓေတည် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ နိုင်ငံနှင့်လူမျိုးအတွက် အသက်၊ သွေး၊ ချွေး မြောက်မြားစွာ ရင်းနှီးပေးဆပ်ကာ နိုင်ငံ့လွတ်လပ်ရေးကို ပြန်လည်ရယူပေးခဲ့သည်။

တပ်မတော်သားအပေါင်းတို့သည် အမိနိုင်ငံတော်ကို ကျူးကျော်ထိပါးလာသည့် ရန်စွယ်မှန်သမျှကို ကြံ့ကြံ့ခိုင် ရင်ဆိုင်ပြီး သစ္စာလေးချက်ကို မဏ္ဍိုင်ပြု၍ တိုက်ပွဲအလီလီကို တိုက်ပွဲဝင် အောင်ပွဲဆင်နိုင်ခဲ့ကြသည်။

တပ်မတော်သည် ခေတ်အဆက်ဆက်က နိုင်ငံတော်တွင် အခက်အခဲ အကျပ်အတည်း အမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ရတိုင်း ပြည်သူ့ရှေ့မှ မားမားမတ်မတ်ရပ်တည်ပြီး ကာကွယ်စောင့်ရှောက်ခဲ့သည်။ နိုင်ငံတော်ကာကွယ်ရေး တာဝန်ကိုသာမက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး တာဝန်များကိုလည်း ပြည်သူနှင့်အတူ လက်တွဲဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတစ်ဝန်း အေးချမ်းတည်ငြိမ်မှုရှိချိန်တွင် တိုင်းရင်းသားပြည်သူများအတွက် အလုပ်အကျွေးပြုရင်း နိုင်ငံ တည်ဆောက်ရေးလုပ်ငန်းများ၌ စွမ်းစွမ်းတမံ ပါဝင်ထမ်းရွက်လျက်ရှိသည်။

သမိုင်းအစဉ်အလာကောင်းမွန်သည့် တပ်မတော်ကို တိုင်းရင်းသား ပြည်သူအပေါင်းက အားထားဂုဏ်ပြုလျက် ရှိကြသည်။

သို့ဖြစ်ရာ တပ်မတော်သည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အစဉ်တစိုက် ကာကွယ်စောင့်ရှောက်သွားမည်သာမက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းဖော်ဆောင်ရင်း နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့ အားထားရသော တပ်မတော်အဖြစ် မြဲမြံခိုင်ကျည်စွာ ရပ်တည်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ၇ မိုင် မေခလမ်း အမှတ် ၁၄ နေ ဦးဇော်ဝေ-ဒေါ်စန်းစန်းတင့်၊သား ကိုနိုင်ထူးမောင်၊ ဗိုလ်နိုင်လင်းမောင်၊ သမီး မခင်စုလှိုင် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စ ကား ဝါ လမ်း မင်း ကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၇-၃-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပာန်ဂီတသံ
- ၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ ပညာခေတ်
- ၅:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှိတော့ရှိတယ် ရှားတယ်** (အပိုင်း-၁)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ မွေးမြူသုတ
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးနဂါးသိုင်းရှစ်ကွက်** (အပိုင်း-၁၆)

တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့် (၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု နေပြည်တော်သပြေကုန်းဈေးသစ်ဖွင့်ပွဲ တက်ရောက်

နေပြည်တော် မတ် ၂၆

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် သပြေကုန်းဈေးသစ်ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် မြို့မသပြေကုန်းရပ်ကွက်ရှိ သပြေကုန်းဈေးသစ်၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး နေပြည်တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးကြီးသိန်းညွန့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထူးဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနတာဝန်ခံများ၊ ပျဉ်းမနားခရိုင်နှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ ဝင်များ၊ ဘင်ခရာ အဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ အင်အား ၂၅၀၀ ကျော် တက်ရောက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ရှေးဦးစွာ မင်္ဂလာအချိန် နံနက် ၉ နာရီတွင် သပြေကုန်း ဈေးသစ်ကြီးကို တိုင်းမှူးနှင့် မြို့တော်ဝန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ဈေးသစ်ဆိုင်းဘုတ်ကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

လှည့်လည်ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူး၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးပြီး ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။

သပြေကုန်းဈေးသစ်

အဆိုပါ သပြေကုန်းဈေးသစ်ကြီးကို နေပြည်တော် စည်ပင်သာယာရေး ကော်မတီက ၂၀၀၆ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် စတင်ဆောက်လုပ်ပြီး ၁၀ ပေ X ၁၂ ပေ အပြင်ဆိုင်ခန်းအခန်း ၂၄၀၊အတွင်းဆိုင်ခန်း ၁၂၈ ခန်း၊ အချင်း ပေ ၆၀ ပတ်လည် အရောင်းပြခန်း လေးခန်းနှင့် ခြောက်ပေ ပတ်လည်ပုံကျ ဈေးဆိုင်ခန်း အခန်း ၄၈၀ စုစုပေါင်း ဆိုင်ခန်း ၈၅၂ ခန်းပါရှိပြီး ဈေးပတ်လည်တွင် စားသောက်ဆိုင်များ၊ စားသောက်ခန်းများနှင့် ယာဉ်အစီး ၁၀၀၀ ဆံ့ ယာဉ်ရပ်နားရန်နေရာများ ပါရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ရုပ်ရှင်ဗဟုသုတ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၆

မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးခန်းမ၌ Quality of Motion Picture ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မတ် ၃၀ရက် နံနက် ၁၀နာရီတွင် ကျင်းပမည် ဖြစ်သည်။

ပထမပိုင်းတွင် Studio 35 မှ ဦးတင်မောင်ဝင်းနှင့် ဦးကျော်စိုးလွင်တို့က ဟောပြောကြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် ဒီဂျစ်တယ်ရုပ်ရှင် အကြောင်းကို ဦးမျိုးဝင်းက ဟောပြောမည်ဖြစ်သည်။ ရုပ်ရှင်၊ ဗီဒီယိုစိတ်ဝင်စားသူတိုင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမ၌ အခမဲ့တက်ရောက်လေ့လာနိုင်ကြပြီး တက်ရောက်လေ့လာသူများ၏ မေးခွန်းများကိုလည်း ဆွေးနွေးဖြေကြားပေးကြမည် ဖြစ်သည်။

မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဟောပြောဆွေးနွေးပွဲများ၊ ရုပ်ရှင်၊ ဗီဒီယိုပြသမှုများ အခါအားလျော်စွာ ဆက်လက်ကျင်းပသွားမည်ဟု သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း တောင်ဥက္ကလာပ မြို့နယ် (၅) ရပ်ကွက် စစ်ကိုင်း ၂၅ လမ်း အမှတ် ၇၃၇ နေ ဦးမောင်ရွှေနှင့် မိသားစုတို့က ဦးမောင်ရွှေ၏ (၈၄)နှစ်မြောက် မွေးနေ့ အထိမ်း အမှတ် ဆွမ်းပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

*** ရှေ့ဖုံးမှ**

ထို့နောက် (၆၂) နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး၊ စီမံခန့်ခွဲရေးကော်မတီ၊ လုပ်ငန်းကော်မတီ၊ဆပ်ကော်မတီများနှင့် စစ်ရေးပြလုပ်ငန်းအဖွဲ့တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် (၆၂) နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု အထူးကုဆရာဝန်ကြီးများအဖွဲ့ ကွင်းဆင်းကုသ

နေပြည်တော် မတ် ၂၆

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့်ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် အထူးကုဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့သည် ယနေ့နံနက် ၉ နာရီက တပ်ကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ကွင်းဆင်း၍ လူနာများအား ဆေးဝါးကုသကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့်ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပူးပေါင်း စီစဉ်သည့် အထူးကုဆရာဝန်ကြီးများ တပ်ကုန်းမြို့နယ်အတွင်းရှိ လူနာများအား စမ်းသပ်ဆေးကုသစဉ်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

အဆိုပါခရီးစဉ်တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ အမျိုးသမီးများလူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်အေးအေး၊ ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်နီနီဝင်း၊ စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူး ဒေါ်မြသီရိ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီလာသော်၊ လူမှုရေးနှင့် ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်နှင့် ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင်များလိုက်ပါကြည့်ရှုအားပေးခဲ့ကြသည်။

လှူဒါန်း

ယင်းအထူးကုခရီးစဉ်တွင် လူနာများအား လိုအပ်သော စစ်ဆေးကုသမှုနှင့် ဆေးဝါးများ၊ မျက်မှန်များ ထောက်ပံ့ရန်အတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က အလှူငွေကျပ် ၁၄သိန်း လှူဒါန်းခဲ့သည်။

လွှဲပြောင်းပေးအပ်

အဆိုပါခရီးစဉ်တွင် နေပြည်တော် ခုတင်(၃၀၀) အထူးကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ဝင်း ဦးဆောင်၍ သမားတော်ကြီး၊ ခွဲစိတ်ဆရာဝန်ကြီး၊ သားဖွားမီးယပ်အထူးကုဆရာဝန်၊ ကလေးအထူးကုဆရာဝန်၊ မျက်စိ အထူးကုဆရာဝန်နှင့် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်တို့ ပါဝင်သော ဆေးကုသရေးအဖွဲ့က တပ်ကုန်းမြို့နယ်အတွင်းရှိ လူနာများအား ကြည့်ရှုစစ်ဆေးကုသခဲ့ရာ အထွေထွေရောဂါ လူနာ ၃၄၃ ဦး၊ ခွဲစိတ်လူနာ ၄၃ဦး၊ သားဖွားနှင့် မီးယပ်လူနာ ၄၁ဦး၊ ကလေးလူနာ ၆၂ ဦး၊ မျက်စိလူနာ ၁၃၀၊ နား၊ နှာခေါင်း၊ လည်ချောင်း ဝေဒနာရှင် ၅၁ဦးနှင့် သွားဝေဒနာရှင် ၃၂ဦး စုစုပေါင်း ဝေဒနာရှင် ၇၀၂ ဦးတို့အား ကုသပေးခဲ့သည်။ အဆိုပါလူနာများမှ နေပြည်တော် ခုတင်(၃၀၀) အထူးကုဆေးရုံကြီးသို့ လွှဲပြောင်းကုသရန် လိုအပ်သည့် လူနာ ၆၃ ဦးကို လွှဲပြောင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သကြၤန်တရားစခန်းပွဲ

ရန်ကုန် မတ် ၂၆

မြောက်ဥက္ကလာပမြို့ (င)ရပ်ကွက် ရန်အောင်ကျောင်းတိုက် ပုပ္ပား(၃) ကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်နယ်လှည့်ဓမ္မကထိက အစိုးရဓမ္မာစရိယ ရေဦးဆရာတော် အရှင်နန္ဒသိရီသည် ကော့သောင်းမြို့ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၂၀၉)၌ နှောင်းတန်ခူးလပြည့်ကျော် ၁၀ရက်မှ ကဆုန်လဆန်း ၂ရက် (ဧပြီ ၁၁ရက်မှ ၁၇ရက်)အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

နောင်ဘိုဓမ္မရိပ်သာ တရားစခန်းပွဲ

ရန်ကုန် မတ် ၂၆

ပဲခူးတိုင်း ဝေါမြို့နယ် နောင်ပတ္တရာကျေးရွာ နောင်ဘိုဓမ္မရိပ်သာတွင် ရဟန်းခံ၊ သီလရှင်ဝတ်ပွဲနှင့် သင်္ကြန်ခုနစ်ရက်တရားစခန်း ဖွင့်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် ဧပြီ၄ ရက်(နှောင်းတန်ခူးလပြည့်ကျော် ၁၃ ရက်)သင်္ကြန်အကြိုနေ့ ညနေ ၄ နာရီမှစ၍ တရားအားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

အရှေ့တောင်အာရှဒေသ အဖွဲ့ဝင်နိုင်ငံများ ဆေးလိပ်သောက်သုံးမှုထိန်းချုပ်ရေး စီမံချက်မန်နေဂျာများ အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၂၆

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသ အဖွဲ့ဝင်နိုင်ငံများ ဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေးစီမံချက် မန်နေဂျာများ အစည်းအဝေးကို ယနေ့မှ မတ် ၃၀ရက်အထိ ရန်ကုန်မြို့ Park Royal Hotel ၌ကျင်းပလျက်ရှိသည်။

ဖတ်ကြား

အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါ ဟိုတယ်၌ကျင်းပရာ ကျန်းမာရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာစံရွှေဝင်းကအဖွင့်အမှာစကား ပြောကြားပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသရုံး ညွှန်ကြားရေးမှူးထံမှ ပေးပို့သည့်သဝဏ်လွှာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Prof Adik Wibowo က ဖတ်ကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မော်လဒိုက်၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဦးဆောင် ရေးဆွဲခဲ့သော ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ယခုကျင်းပသည့် အစည်းအဝေးတွင် အရှေ့တောင်အာရှဒေသအဖွဲ့ဝင် နိုင်ငံများ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအကြောင်းကို အသေးစိတ်ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသ အဖွဲ့ဝင် နိုင်ငံများ ဆေးလိပ် သောက်သုံးမှု ထိန်းချုပ်ရေးစီမံချက် မန်နေဂျာများ အစည်းအဝေးတွင် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစံရွှေဝင်း အမှာစကားပြောကြားစဉ်။

(ကျန်းမာရေး)

ကော့ကရိတ်မြို့နယ်အသင်း သက်ကြီးပူဇော်ပွဲ

ရန်ကုန် မတ် ၂၆

ကော့ကရိတ် မြို့နယ်အသင်း (ရန်ကုန်)သက်ကြီးပူဇော်ပွဲ နှင့်နှစ်ပတ်လည်ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မတ် ၃၁ရက်(စနေနေ့)နံနက် ၉နာရီခွဲတွင် အသင်းတည်နေရာ အမှတ် ၂၆၇ ပြည်လမ်း မြေနီကုန်းတွင် ကျင်းပမည်ဖြစ်သည်။ အသက် ၇၅ နှစ်အထက် အဘိုးအဘွားများနှင့် ၂၀၀၅- ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများ၏ စာရင်းကို အချိန်မီစာရင်းပေးကြရန်နှင့် မိသားစုတွေ့ဆုံနိုင်ရန် ကော့ကရိတ်မြို့ အသင်းသူ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊မပျက်မကွက်တက်ရောက်ကြပါရန် နှစ်စဉ်ကြေးအလှူငွေများကို ဦးတင်စိန် ဖုန်း-၅၅၃၆၄၄ လိုင်းခွဲ ၃၁၄၊ ဦးဝမ်ထုံ(အဆွေတော်ကားဂိတ်) ဖုန်း-၀၉-၅၀-၂၀၃၇၉၊ ဦးစိုင်းချစ်ထွေး ဖုန်း-၀၉-၅၁-၀၇၂၂၅၊ ဒေါ်သန်းမြင့် ဖုန်း-၅၆၃၈၀၅၊ ဒေါ်နီနီဝင်း ဖုန်း-၅၅၄၃၆၈၊ ဒေါ်နန်းရေစင်ဦး ဖုန်း-၀၉-၅၁-၅၄၇၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**

ဆုထူးပန်သင်္ကြန် အထူးတရားစခန်း

ရန်ကုန် မတ် ၂၆

ရန်ကုန်တိုင်း သန်လျင်မြို့ အောင်ချမ်းသာ(၃)ရပ်ကွက် ဆုထူးပန်ဝါးတောမြတ်မွန် ဝေဠုဝန် ဓမ္မရိပ်သာကြီး၌ (၁၃၆၈ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၂ ရက် မှ ၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၂ရက်)ဧပြီ ၁၃ ရက်မှ ဧပြီ ၁၇ရက်အထိ နိုင်ငံတော်ထေရဝါဒ ဗုဒ္ဓသာသနာပြု သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆုထူးပန် ဆရာတော် ကြီးနှင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ကထိက သာသနတက္ကသိုလ ဓမ္မာစရိယ (B.A)၊ မဟာဓမ္မာစရိယ (M.A)အရှင်ကုဠမလတို့က သတိပဋ္ဌာန်တရားတော်များကို ဟောပြော ပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ အခမဲ့တရား စခန်းဝင်နိုင်ကြောင်းနှင့် ဖုန်း-၀၁-၅၄၅၉၈၀၊ ၀၅၆-၂၁၉၂၆၊ ၀၉-၅၁-၂၀၈၆၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

လူငယ်တင်းနစ်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် မတ် ၂၆

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်တို့ကကြီးမှူး၍ RANBAXY Co., Ltd. ၏ ပံ့ပိုးကူညီမှုဖြင့်ကျင်းပမည့် RANBAXY Junior Tennis Tournamentပြိုင်ပွဲ ကို ဧပြီ ၅ရက်မှ၁၀ရက်အထိ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားများမှာ အသက် ၁၀နှစ်အောက်၊ အသက် ၁၂ နှစ်အောက်၊ အသက် ၁၄ နှစ်အောက် ကျား၊မ တစ်ဦးချင်းနှင့် နှစ်ယောက်တွဲ ပြိုင်ပွဲ တို့ဖြစ်သည်။

နယ်မှလာရောက်ယှဉ်ပြိုင်သူများကို သတ်မှတ်ထားသောနှုန်းထားများအတိုင်းထောက်ပံ့ပေးပြီး နေထိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဧပြီ ၄ရက် နံနက် ၁၀နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀ သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းရန်နှင့် အသက်မှန်ကန်ကြောင်း ထောက်ခံစာများယူလာရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၃-၂၀၀၇ (အင်္ဂါနေ့)

၇:၀၀ MRTV-4 အဖွင့် Logo
ယနေ့အစီအစဉ်
၇:၀၅ လောကခံဖြေဆေးတရားတော် [ဒေါက်တာအရှင်ကောဝိဒ (မဇ္ဈိမဂုဏ်ရည်ဆရာတော်)] (အပိုင်း-၁)
၇:၅၅ Sunday Talk
၈:၅၅ တေးဂီတအစီအစဉ်
၉:၀၀ အစဉ်အလေးထား ခြင်းလုံးအားကစား
၉:၁၅ တေးဂီတအစီအစဉ်
၉:၂၀ ပြည်တွင်းသတင်းအကျဉ်း
၉:၃၀ မြန်မာလူမျိုးတင့်စေဖို့ မြန်မာစာပေမြှင့်တင်စို့
၉:၅၀ တေးဂီတအစီအစဉ်
၉:၅၅ ဗုဒ္ဓတစ်ထောင် မင်းကွန်းတောင်၊ မင်းကွန်းတောင်ရိုး၊ မဟာသံဃိက ဓမ္မသာရ ရေ၊ မီး၊ ဆွမ်း၊ ဆေး အလှူတော်
၁၀:၂၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၅ တေးဂီတအစီအစဉ်
၁၀:၃၀ စာပေပညာရှင်များနှင့်တွေ့ဆုံ ဆွေးနွေးခြင်း(ဒေါက်တာမတင်ဝင်း)
၁၀:၅၀ မိုးလေဝသခန့်မှန်းချက်
၁၀:၅၅ Music Gallery (ခိုင်မြသာ-အချစ်နဲ့ထာဝရ)
၁၁:၂၀ တေးဂီတအစီအစဉ်
၁၁:၂၅ ပတ်ဝန်းကျင်သန့်ရှင်းဖို့ရာ ရေဆိုးသန့်စင်စက်ရုံကကူညီမှာ
၁၁:၅၀ ပြည်တွင်းသတင်းအကျဉ်း
၁၂:၀၀ အဝလွန်ရောဂါဆိုင်ရာ အချက်အလက်များနှင့် သကြားအစားထိုး Sucralose (ပါမောက္ခ ဒေါက်တာချစ်စိုး၊ ဒေါက်တာ ဝင်းထွန်း)
၁၂:၂၀ တေးဂီတအစီအစဉ်
၁၂:၂၅ နိုင်ငံတကာသတင်းအကျဉ်း
၁၂:၃၀ တေးဂီတအစီအစဉ်
၁၂:၃၅ ဆင်ယင်ရိုးရာ ဒို့မြန်မာ
၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တရုတ်နှင့် ရုရှား စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မည်

မော်စကို မတ် ၂၆

တရုတ်နှင့်ရုရှား နှစ်နိုင်ငံအကြား စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး ဆွေးနွေးမှုများ ဆက်လက် ပြုလုပ်ကြမည်ဖြစ်ကြောင်း တရုတ်ထိပ်တန်း ကုန်သွယ်ရေးအရာရှိတစ်ဦးက မတ် ၂၃ရက်၌ ပြောကြားလိုက်သည်။

စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးသည် နှစ်နိုင်ငံ အပြန်အလှန် ပူးပေါင်း လုပ်ဆောင်မှုများအနက် အရေးကြီးသော လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ကြောင်း၊ ရုရှားသည် ရေနံနှင့် သဘာဝဓာတ်ငွေ့တင်ပို့မှု၌ အဓိကထား ဆောင်ရွက်နေသလို တရုတ်နိုင်ငံကလည်း ကမ္ဘာပေါ်တွင် ရေနံအများဆုံး သုံးစွဲသည့် နိုင်ငံဖြစ်ကြောင်း တရုတ် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ယူဂေါင်ကျို့က မော်စကိုမြို့တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

ဆွေးနွေး

ရုရှားနိုင်ငံသည် တရုတ်နိုင်ငံအတွက် အဓိကရေနံတင်ပို့ရာ နိုင်ငံတစ်နိုင်ငံဖြစ်သည်။ နှစ်နိုင်ငံ သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ပူးတွဲရှာဖွေရေး စသည့်ကဏ္ဍများ၌ ရုရှားနှင့် တရုတ်နိုင်ငံများ ဆွေးနွေးလျက်ရှိသည်။

ပြင်ဆင်မှု

ယူဂေါင်ကျို့သည် ရုရှားနိုင်ငံသို့ မတ် ၂၂ရက်က ရောက်ရှိနေပြီး မတ် ၂၆ ရက်မှ ၂၉ ရက်အထိ မော်စကိုမြို့၌ ကျင်းပမည့် တရုတ်အမျိုးသား ဆိုင်ရာ ကုန်စည်ပြပွဲအတွက် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဖက်ရှင်ပြပွဲ

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဖက်ရှင်ပြပွဲတွင် ပါဝင်ပြသနေသော တရုတ်အမျိုးသမီး တစ်ဦး၏ ဝတ်စား ဆင်ယင်မှု ဒီဇိုင်းကို မတ် ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘင်္ဂလားဒေ့ရှ်၌ ကြက်ငှက်တုပ်ကွေး ဖြစ်ပွား

ဒါကာ မတ် ၂၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော် ဒါကာအနီး မြို့လေးတစ်မြို့၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေကြောင်း မတ် ၂၃ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဒါကာမြို့မှ ၂၅ ကီလိုမီတာကွာဝေးသည့် ဆာဗာမြို့၌ ကြက် ၅၆၀၀ကို မွေးမြူရေးဦးစီးဌာန တာဝန်ရှိသူများက ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ အသုံးပြု၍ ဖျက်ဆီးလိုက်ကြောင်း၊ ယင်းကြက်များကို အနီးအနား၌ မြေမြှုပ်ပစ်လိုက်ကြောင်း သိရသည်။

သုတ်သင်ခဲ့

အဆိုပါမြို့ ကြက်မွေးမြူရေးခြံတစ်ခြံ၌ ကြက်ငှက်တုပ်ကွေးရောဂါပိုး တွေ့ရှိခဲ့ပြီးနောက် အထက်ပါအတိုင်း ကြက်များကို သုတ်သင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ယင်းကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ကို ယမန်နှစ်က ပါကစ္စတန်၊ အိန္ဒိယနှင့် အာဖဂန်နစ္စတန် နိုင်ငံများ၌ တွေ့ရှိကြောင်း၊ H_5N_1ဟုခေါ်သည့် ၎င်းရောဂါပိုးသည် လူကိုဖျားနာပြီး သေဆုံးစေနိုင်ကြောင်း၊ သို့သော်လည်း လူကိုကူးစက်နိုင်သည့် အခွင့်အလမ်း အလွန်နည်းကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

(အင်တာနက်)

အမေဇုန်ဒေသ မိုးခေါင်ရေရှားမှု အနာဂတ်တွင် ပိုမိုဆိုးရွားနိုင်

လန်ဒန် မတ် ၂၆

သစ်တောများ ဖုံးလွှမ်းကာ သာယာစိုပြည်နေမည်ဟု တွေးထင်ရသည့် လက်တင်အမေရိကရှိ အမေဇုန်ဒေသမှာ ၂၀၀၅ခုနှစ်က အမှတ်မထင် မိုးခေါင်ရေရှားဖြစ်ခဲ့သည်။

ကြေညာ

ကမ္ဘာ့ဒုတိယအကြီးဆုံး အမေဇုန်မြစ်အတွင်း ငါးများပုပ်သေကာ မျောပါနေသည့် ဓာတ်ပုံများကို မြင်ရသောအခါ ကမ္ဘာတစ်ဝန်းလုံး အံ့အားသင့်ခဲ့ရသည်။ ထိုဒေသရှိ ပြည်သူများထံ ရဟတ်ယာဉ်များဖြင့် စားနပ်ရိက္ခာများ ချပေးခဲ့ရသည်။ ဘရာဇီးအစိုးရက အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။

ဆွေးနွေး

နှစ်နှစ်ခန့်ကြာခဲ့ပြီဖြစ်သော ယင်းအနိဋ္ဌာရုံကို အချို့ မေ့ပျောက်ကောင်း မေ့ပျောက်ကြမည်ဖြစ်သော်လည်း အောက်စဖို့ဒ် တက္ကသိုလ်၌ ယခုရက်သတ္တပတ်တွေ့ဆုံကြသောအခါ သိပ္ပံပညာရှင်များက ထိုအရေးကို အလေးထား ဆွေးနွေးကြမည် ဖြစ်သည်။

ကြိုတင်ခန့်မှန်း

လေထုအတွင်း ယခုအတိုင်းသာ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ ဆက်ထုတ်နေမည်ဆိုလျှင် ယခုအခါ မိုးခေါင်ရေရှားမှု ငါးရာခိုင်နှုန်းမှ ၂၀၃၀ပြည့်နှစ်တွင် ရာခိုင်နှုန်း ၅၀ နှင့် ၂၁၀၀ ပြည့်နှစ်တွင် ရာခိုင်နှုန်း ၉၀အထိ မြင့်တက်လာမည်ဟု ကြိုတင်ခန့်မှန်းထားသည်။

(အင်တာနက်)

၂၀၀၆ ခုနှစ်အတွင်း တရုတ်မှထုတ်ကုန်များ အီးယူနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့

လန်ဒန် မတ် ၂၆

တရုတ်နိုင်ငံသည် ပြီးခဲ့သည့် ၂၀၀၆ ခုနှစ်က ဥရောပသမဂ္ဂ(အီးယူ)သို့ ထုတ်ကုန်ပစ္စည်းများ တင်ပို့မှု၌ အများဆုံး နိုင်ငံ တစ်နိုင်ငံဖြစ်လာကြောင်း စီးပွားရေးတိုင်းမ်သတင်းစာက မတ် ၂၃ ရက်၌ ဖော်ပြလိုက်သည်။

တရုတ်နိုင်ငံအနေဖြင့် ပြီးခဲ့သည့်နှစ်က အီးယူသို့ ထုတ်ကုန်ပစ္စည်း ၂၁ ရာခိုင်နှုန်း တိုးမြှင့်တင်ပို့ခဲ့ကြောင်း၊ ယင်းမှာ ယူရိုငွေ ၁၉၁၆ ဘီလီယံအထိ ရှိခဲ့ကြောင်း အီးယူ၏ စာရင်းအင်းများ၌ ဖော်ပြထားသည်။

၂၀၀၆ ခုနှစ်က အမေရိကန်၏ အီးယူသို့ တင်ပို့မှုမှာ ရှစ်ရာခိုင်နှုန်းသာ တိုးတက်ခဲ့ပြီး ယူရိုငွေ ၁၇၆ဒသမ၂ ဘီလီယံသာ ရှိခဲ့သည်။

တိုးတက်ခဲ့

ထို့အတူ အီးယူမှ တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့မှုမှာ ၂၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ယူရိုငွေမှာ ၆၃ ဒသမ ၃ ဘီလီယံရှိခဲ့သည်။

တင်ပို့

ထို့ကြောင့် တရုတ်နှင့် အီးယူတို့၏ ကုန်သွယ်မှု အနေအထားမှာ တိုးတက်မှုရှိလာပြီး တရုတ်နိုင်ငံက ၂၀၀၆ခုနှစ် နှစ်လယ်မှ စတင်ကာ ဈေးနှုန်းသက်သာသော အထည်အလိပ်နှင့် အသုံးအဆောင်ပစ္စည်းများ တင်ပို့မှုများပြားလာခဲ့ခြင်းကြောင့်ဖြစ်ကြောင်း အဆိုပါ သတင်းစာ၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗင်နွာတူ၌ အင်အားပြင်း မြေငလျင်နှစ်ခုလှုပ်

ဝယ်လ်လင်တန် မတ် ၂၆

ဗင်နွာတူနိုင်ငံတွင် မတ် ၂၅ရက်က အင်အားပြင်း မြေငလျင်နှစ်ခုလှုပ်ခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရမှုနှင့် ပျက်စီးဆုံးရှုံးမှု သတင်းများ မရရှိသေးကြောင်း တောင်ပစိဖိတ်နိုင်ငံဖြစ်သည့် ဗင်နွာတူနိုင်ငံမြို့တော် ပို့ဗီလာမှရရှိသော သတင်းတစ်ရပ်၌ ဖော်ပြသည်။

ပထမ မြေငလျင်မှာ ရစ်ချ်တာစကေး ၇ ဒသမ ၂ ရှိပြီး မတ် ၂၅ရက် ဒေသစံတော်ချိန် နံနက် ၁၁နာရီ မိနစ် ၄၀တွင်ဖြစ်ပြီး ဒုတိယ မြေငလျင်မှာ ပထမ မြေငလျင်နှင့် မိနစ်အနည်းငယ်သာခြားပြီး အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့် လှုပ်ခဲ့ခြင်းဖြစ်သည်။

ပြောကြား

ထိုမြေငလျင်များ လှုပ်မှုကြောင့် ပို့ဗီလာမြို့၌ ငလျင်လှုပ်မှု ဖြစ်ပေါ်ခဲ့ကြောင်း၊ ပထမမြေငလျင်မှာ ပို့ဗီလာမြို့ အရှေ့တောင်ဘက် ၃၃၅ ကီလိုမီတာအကွာ၌ဖြစ်ပြီး ဒုတိယမြေငလျင်မှာ ပို့ဗီလာမြို့ အရှေ့တောင်ဘက် ၃၃၅ ကီလိုမီတာအကွာ၌ပင် ဖြစ်ကြောင်း အမေရိကန် မိုးလေဝသဌာနက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အသေးငယ်ဆုံး လက်ကိုင်ဖုန်း



ကမ္ဘာ့အသေးငယ်ဆုံး လက်ကိုင်ဖုန်းလေးတစ်ခုကို ပြသထားစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင်ပြုလုပ်သည့် ဆက်သွယ်ရေးထုတ်ကုန်ပစ္စည်းများပြပွဲတွင် ပြသထားသော လက်ကိုင်ဖုန်းလေးတစ်ခုမှာ အရှည် ၂ဒသမ၆၄ လက်မရှိပြီး အလေးချိန် ၅၅ ဂရမ်သာရှိ၍ ကမ္ဘာပေါ်၌ အသေးငယ်ဆုံး လက်ကိုင်ဖုန်းလေးဖြစ်ကြောင်းသိရသည်။ **(အင်တာနက်)**

မော်တော်ယာဉ်တစ်စီးကို သွားများဖြင့်ကိုက်ဆွဲပြသူ အမျိုးသမီး

မော်တော်ယာဉ်တစ်စီးကို ကြိုးနှင့်ချည်ပြီး သွားများဖြင့်ကိုက်ကာ ဆွဲပြနေသူတစ်ဦးအား တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ ရှန်တုံပြည်နယ်တွင် အသက်(၇၃)နှစ် အရွယ်ရှိ တရုတ်အမျိုးသမီးကြီး ဝမ်ကျာဘေးက မော်တော်ယာဉ်တစ်စီးကို ကြိုးနှင့်ချည်ကာ ၎င်းသွားများဖြင့် ကိုက်ကာဆွဲပြခဲ့ကြောင်း သိရသည်။ ဝမ်ကျာဘေးသည် အသက်၄၀အရွယ်မှ စတင်ကာ ကွန်ဖူးပညာကို လေ့လာလိုက်စားခဲ့သူ တစ်ဦးဖြစ်သည်။ **(အင်တာနက်)**

ပါရှန်ပင်လယ်ကွေ့၌ အီရန် စစ်ရေးလေ့ကျင့်

တီဟီရန် မတ် ၂၆

အီရန်နိုင်ငံက ပါရှန်ပင်လယ်ကွေ့တွင် သီတင်းတစ်ပတ်ကျော်ကြာ ရေတပ်စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို မတ် ၂၂ ရက်က စတင်လိုက်ပြီဖြစ်သည်။ ထိုရေတပ်စစ်ရေးလေ့ကျင့်မှုတွင် ဒုံးကျည်များကို တင်ဆောင်ထားသော ရေယာဉ်ငယ်များနှင့် ရေငုပ်သင်္ဘောများပါဝင်သည်ဟု အီရန်ပိုင် ရုပ်မြင်သံကြားသတင်းဌာနက သတင်းထုတ်လွှင့်သည်။

ဖြန့်ချထား

အီရန်နိုင်ငံက ရေတပ်စစ်ရေးလေ့ကျင့်မှုကို ပြုလုပ်ခြင်းသည် ပါရှန်ပင်လယ်ကွေ့၌ ၎င်း၏စစ်အင်အားကို ပြသခြင်း အစိတ်အပိုင်း တစ်ရပ်ဖြစ်သည်။ ထိုနေရာသည် အီရန်၏ နျူကလီးယားအစီအစဉ်ကို သတိပေးမှုတစ်ရပ်အဖြစ် ပါရှန်ပင်လယ်ကွေ့တွင် အမေရိကန်တို့က ဒုတိယမြောက် လေယာဉ်တင်စစ်သင်္ဘောတစ်စင်း ဖြန့်ချထားသောနေရာ ဖြစ်သည်။

ပုံမှန်

ထို့အပြင် အီရန်နိုင်ငံအနေဖြင့် ပါရှန်ပင်လယ်ကွေ့ကို ကာကွယ်ရန်အတွက် ၎င်း၏ ကာကွယ်ရေးအင်အား ပြသခြင်းဖြစ်ပြီး အီရန်ရေတပ်၏ ပုံမှန်စစ်ရေးလေ့ကျင့်မှုတစ်ရပ်လည်းဖြစ်ကြောင်း အီရန်နိုင်ငံပိုင် ရုပ်မြင်သံကြားသတင်းဌာနက ပြောကြားသည်။

စွပ်စွဲထား

ဝါရှင်တန်က အီရန်နိုင်ငံသည် နျူကလီးယားဗုံးထုတ်လုပ်ရန် ကြိုးစားနေသည်ဟု စွပ်စွဲထားသည်။ ၎င်းကိစ္စကို သံတမန်နည်းဖြင့် ဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ သို့သော်လည်း အင်အားအသုံးပြုမှုကိုလည်း စွန့်ပယ်ထားမည်မဟုတ်ကြောင်း ဝါရှင်တန်က ပြောကြားသည်။

တုံ့ပြန်မည်

အီရန်နိုင်ငံကလည်း မိမိတို့၏ နျူကလီးယားအစီအစဉ်သည် ငြိမ်းချမ်းရေးအတွက်ဖြစ်ကြောင်း၊ မိမိတို့အား တိုက်ခိုက်လာခဲ့လျှင် ဒေသအတွင်းရှိ အမေရိကန်တို့၏ အကျိုးစီးပွားများကို ပစ်မှတ်ထား တုံ့ပြန်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အီရန်က ပြောကြားထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

သဲအင်းဂူ သင်္ကြန်အဓိဋ္ဌာန် ခုနစ်ရက်တရားစခန်း

ရန်ကုန် မတ် ၂၆

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ဧပြီ ၁၃ ရက်မှ ၂၀ ရက်အထိ သင်္ကြန်အထူး အဓိဋ္ဌာန် ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။ စခန်းတွင် ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ ပဓာန ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တမုနိန္ဒ (ကျိုက်ဝိုင်း)နှင့် ကမ္မဋ္ဌာနာ စရိယ ဘဒ္ဒန္တရေဝတ (ကျောက်ပန်းတောင်း) အရှင်မြတ်နှစ်ပါးတို့က ခန္ဓာကိုယ်တွေ့ သမထ ဝိပဿနာ တရားတော်များ ချီးမြှင့် ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ ဧပြီ ၁၂ ရက် (ကြာသပတေးနေ့) ညနေ ၅ နာရီအရောက် မှတ်ပုံတင်ကတ်ပြားများနှင့်အတူ လာရောက် စာရင်းပေးသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်း လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကျိုက်ဒေးယျုံ သင်္ကြန်တွင်း ၁၀ ရက် တရားစခန်း

ရန်ကုန် မတ် ၂၆

သန်လျင်မြို့ ကျိုက်ဒေးယျုံစေတီတော်ခြေတော်ရင်းရှိ စာတိုက်ကုန်းမဏ္ဍလာရာမကျောင်းတိုက်၏ (၂၅)ကြိမ်မြောက် မဟာစည် သတိပဋ္ဌာန် ၁၀ ရက် တရားစခန်းပွဲကို ဧပြီ ၈ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ရာ ကျိုက်ဒေးယျုံ ပဓာန နာယကဆရာတော် ဘဒ္ဒန္တဥတ္တရ(ဓမ္မကထိက ဗဟုဇနဟိတဓရ ဓမ္မာစရိယ ကမ္မဋ္ဌာနာ စရိယ)၊ သာယာကုန်းဆရာတော် ဘဒ္ဒန္တ ဝိစာရိန္ဒ(သာသနဓဇ ဓမ္မာစရိယ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ မဟာစည်နာယက)၊ ရွှေသန်လျင်ဆရာတော် ဘဒ္ဒန္တမေဃိယ(သာသနဓဇ ဓမ္မာစရိယ ဝိနယဝိဒူ)၊ လေးမျက်နှာဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ(သာသနဓဇ ဓမ္မာစရိယ စေတိယင်္ဂဏ ဓမ္မာစရိယ မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ မဟာစည်နာယက)၊ တန့်ဆည်ဆရာတော် ဘဒ္ဒန္တကောသလ္လ (မဟာကမ္မဋ္ဌာနာစရိယ မဟာစည်နာယက) ဆရာတော်ကြီးများက မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သတိပဋ္ဌာန် အလုပ်ပေးတရားတော်တို့ကို ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုသော ယောဂီများအနေဖြင့် ဧပြီ ၈ ရက် ညနေ ၅ နာရီတွင် စာတိုက်ကုန်းမဏ္ဍလာရာမကျောင်းတိုက်သို့ လာရောက်ကြရန်နှင့် ဖုန်း ၀၅၆-၂၁၅၇၈ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် အမရပူရမြို့နယ် ကျေးရွာများ နွေစပါးနှင့် နွေနှမ်းစိုက်ပျိုးမှု ကြည့်ရှု

ရန်ကုန် မတ် ၂၆

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းစိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မန္တလေးခရိုင် အမရပူရမြို့နယ်အတွင်းရှိ နတ်ရေကန်ကျေးရွာ၊ ဆောက်တောဝကျေးရွာနှင့် မကျီးအိုင်ကျေးရွာအတွင်းရှိ တောင်သူဦးကြီးများ၏ နွေစပါးနှင့် နွေနှမ်းစိုက်ပျိုးနေမှုအခြေအနေများကို မတ် ၂၃ ရက် နံနက် ၁၁ နာရီက လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

အားပေး

ရှေးဦးစွာ တိုင်းမှူးနှင့် အဖွဲ့သည် အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာ ကွင်းအမှတ် ၅၈၀ ရှိ တောင်သူ ဦးထိ၏ နွေစပါးစိုက်ကွင်းသို့ ရောက်ရှိပြီး ရေဆင်းလုံးသွယ်နှင့် မနောသုခ နွေစပါးစိုက်နေမှု၊ စိုက်ပျိုးပြီး နွေစပါးစိုက်ခင်းများအား ဓာတ်မြေဩဇာထည့်သွင်းမှု အခြေအနေများကို လုပ်ငန်းခွင်အတွင်း လိုက်လံ ကြည့်ရှုအားပေးသည်။

(အပေါ်ပုံ)

ဆက်လက်၍ တိုင်းမှူးသည် ကွင်းအမှတ် ၅၈၀ ရှိ တောင်သူ ဦးမြင့်ဝေ၏ လယ်သို့ ရောက်ရှိသည်။

ရှေးဦးစွာ နွေစပါးစိုက်ပျိုးနေမှု အခြေအနေ၊ ရေတင်၊ မြေပြင်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးရာ တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ကြင်က သတ်မှတ်ချိန်အပြီး လျာထားဧကပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

အလေးထား

တိုင်းမှူးက နွေစပါးကို သတ်မှတ်ချိန်အတွင်း အပြီးစိုက်ပျိုးရေး၊ စိုက်ပျိုးပြီးစပါးများကိုလည်း ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ စနစ်တကျပက်ဖျန်းကျွေးမွေးရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် အလေးထားကြိုးပမ်းရေး မှာကြားသည်။ ထို့နောက် တမုတ်ဆိုး မြောင်းလက်တံမှ ရေတင်ပြီး လယ်ယာ(၁၆) လယ်ယာသုံးထွန်စက်သုံး၍ မြေပြုပြင်နေမှုများ၊ ကောက်စိုက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ဆောက်တောဝကျေးရွာ ကွင်းအမှတ် ၅၈၀ ရှိ တောင်သူ ဦးအောင်ဇံ၏ လယ်သို့ ရောက်ရှိပြီး ကုလားပဲများ ရိတ်သိမ်းထားရှိမှုနှင့် နွေနှမ်းစိုက်ပျိုးရန်အတွက် ပြင်ဆင်ထားသော နွေနှမ်းမျိုးများ၊ အသုံးပြုမည့် ပိုးသတ်ဆေး၊ ရွက်ဖျန်းဆေးရည်များကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ နွေနှမ်းစိုက်ပျိုးရန်အတွက် မြေပြုပြင်မှု၊ ရေတင်နေမှု၊ စိုက်ပျိုးမည့် နှမ်းမျိုးစေ့များပြသထားမှုများကို ကြည့်ရှုစစ်ဆေးပြီး ဆည်တော်ကြီး ဆည်ရေသောက် နွေနှမ်းပန်းတိုင်အထွက်တိုးရေးအတွက် အလေးထားဆောင်ရွက်ရေး၊ မျိုးကောင်းမျိုးသန့်နှမ်းများ ရွေးချယ်စိုက်ပျိုးရေး မှာကြားသည်။ ဆက်လက်၍ ရိတ်သိမ်းပြီးသော ကုလားပဲများကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးက စိုက်ပျိုးစပါးများအား စနစ်တကျ ပြုစုပျိုးထောင်ရေး၊ ပျိုးပင်များကိုလည်း စိုက်ကွက်အတွင်း သတ်မှတ်အကွာအဝေး နှုန်းထားများအတိုင်း စိုက်ပျိုးရေး၊ ပျိုးပင်များ လေလွင့်မှုမရှိစေရေးတို့အတွက် ဂရုပြုဆောင်ရွက်ကြရေး၊ ဆည်ရေသောက် လယ်များဖြစ်၍ ရရှိသည့်ရေကို အကျိုးရှိရှိ အသုံးချရေး၊ ရေနုတ်မြောင်းအား ဖြတ်ကျော်၍ လယ်အတွင်းသို့ အဝင်အထွက်ပြုသည့် နေရာများတွင် တံတားထိုး၍ ရေစီးအဟုန် နှောင့်နှေးမှု မရှိစေရေးတို့အတွက် ဆောင်ရွက်ကြရေးမှာကြားပြီး တမုတ်ဆိုး ရေမြောင်း ဘေးဝဲယာရှိ စိုက်ပျိုးပြီး နွေစပါး၊ စိုက်ပျိုးလျက်ရှိသည့် နွေစပါးများနှင့် စိုက်ပျိုးရန် မြေပြုပြင်နေမှုများကို လှည့်လည်ကြည့်ရှုပြီး ပြန်လည်ထွက်ခွာသွားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်သည် အဆိုပါကွင်း၌ တောင်သူ ဦးဝင်းမော်၏ နွေစပါးစိုက်ခင်းတွင် မျိုးယှဉ်ပြိုင်စိုက်ကွက်၊ ဓာတ်မြေဩဇာပက်ဖျန်းနေမှုနှင့် မကျီးကိုင်းကျေးရွာ ကွင်းအမှတ် ၅၇၇(က)၌ တောင်သူ ဦးအုန်းမောင်၏ နွေစပါးစိုက်ခင်းနှင့် တမုတ်ဆိုးကျေးရွာ သာလာအေး ကွင်းအမှတ် ၅၇၀(ခ)၌ တောင်သူ ဦးထွန်းထွန်းဦး၏ လယ်မြေတွင် စိုက်ပျိုးပြီး နွေစပါးများအား ဓာတ်မြေဩဇာပက်ဖျန်းနေမှုတို့ကို ကြည့်ရှုအားပေးပြီး

လျာထားချက်

အမရပူရမြို့နယ်အတွင်း ၂၀၀၆-၂၀၀၇ ခုနှစ် နွေစပါးစိုက်ပျိုးရန် လျာထားဧက စုစုပေါင်းမှာ ဧက ၁၁၃၉၀၊ စိုက်ပျိုးပြီး ၈၂၀၇ ဧကဖြစ်သဖြင့် စုစုပေါင်း ၇၂ ဒသမ ၀၅ ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ကာ ၂၀၀၆-၂၀၀၇ ခုနှစ် နွေနှမ်းစိုက်ပျိုးရန် လျာထားဧကမှာ ဧက ၇၈၀၀၊ မြေပြင်ပြီး ၂၆၅၁ ဧက၊ စိုက်ပြီး ၃၈၁ ဧကဖြစ်ပြီး သတ်မှတ်ကာလအတွင်း လျာထားချက်ပြည့်မီအောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

Doaru အလှကုန် Glorin Hair Care Products နိုင်ငံခြားအပန်းဖြေခရီးစဉ် ကံထူးရှင်ရွေးချယ်

ရန်ကုန် မတ် ၂၆

Doaru အလှကုန်နှင့် Glorin Hair Care Products မှ ဒုတိယအကြိမ် နိုင်ငံခြားအပန်းဖြေခရီးစဉ် ကံထူးရှင် ရွေးချယ်ပွဲကို မတ် ၂၄ ရက် မွန်းလွဲ ၂ နာရီက ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ Shangrila- Leap Int'l Co.,Ltd.မှ ဒါရိုက်တာ ဦးတင်အောင်က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် ဈေးကွက်မန်နေဂျာ ဒေါ်ဝင့်ဝင့်အောင်က ၂၀၀၆ ခုနှစ် ပထမအကြိမ် နိုင်ငံခြားအပန်းဖြေခရီးစဉ်အကြောင်းကို ရှင်းလင်းပြောကြားကာ အလှကုန်သုံးစွဲသူများအတွက် ဒုတိယအဆင့် ကံစမ်းမဲ ၂၀၀ ကို မဲနှိုက်ပေးကြသည်။ ဆက်လက်၍စာနယ်ဇင်းဆရာများက ပထမအဆင့် နိုင်ငံခြားအပန်းဖြေခရီးစဉ် ကံထူးရှင်များဖြစ်သည့် မန္တလေးမြို့မှ မကြူထွေးနှင့် မသီတာအောင်၊ ပျဉ်းမနားမြို့မှ မမိုးမိုးမြင့်၊ ရန်ကုန်မြို့မှ မစန်းစန်းကြူနှင့် မစုစုလှိုင်တို့ကို ရွေးချယ်ပေးကြသည်။

ရွေးချယ်

ယင်းနောက် နိုင်ငံခြား အပန်းဖြေခရီးစဉ်လိုက်ပါခွင့်ရရှိသည့် ရောင်းအားစံချိန်မီ အရောင်းကိုယ်စားလှယ်ကြီးများအပြင် ကံစမ်းမဲအစီအစဉ်ဖြင့် အပန်းဖြေခရီးစဉ် လိုက်ပါခွင့်ရရှိသည့် ရန်ကုန်မြို့မှ မြမြအေး၊ မန္တလေးမြို့မှ ဦးဘိုအေး (စန်းစန်းအေး)၊ မြင်းခြံမြို့မှ မြေလတ်စတိုးနှင့် ဖားကန့်မှ မအဖိန်းစတိုးဆိုင်တို့ကို ရွေးချယ်ပေးကြသည်။

ချီးမြှင့်

ထို့နောက် မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်လေးနှင့် ဒါရိုက်တာအဖွဲ့ဝင်များက နိုင်ငံခြား အပန်းဖြေခရီးစဉ် လိုက်ပါခွင့်ရရှိသည့် အရောင်းကိုယ်စားလှယ်များအား ဆုများ ပေးအပ်ချီးမြှင့်သည်။ **(အောက်ဝဲပုံ)**

Doaru အလှကုန်နှင့် Glorin Hair Care Products ပစ္စည်းများသည် နိုင်ငံတကာအရည်အသွေးစံချိန်မီ ISO 9001:2000 လက်မှတ်ရရှိပြီးဖြစ်သည့်အတွက် အရည်အသွေးစိတ်ချယုံကြည်မှုရရှိပြီးဖြစ်သည်။ Doaru အလှကုန်မှ Face Powder, Cream Puff မိတ်ကပ်ရည်၊ နှုတ်ခမ်းနီ၊ Fairness Cream Body Lotion, 4in 1 Ceramide Gel, Shower Cream တို့ကို ထုတ်လုပ်ပြီး Glorin Hair Care Products မှ ခေါင်းလိမ်းဆီနှင့် ခေါင်းလိမ်းဂျယ်တို့ကို ထုတ်လုပ်ပြီးဖြစ်သည်။ ဆက်လက်၍ Rollon, For Man Facial Cleanser, Hair Care Products များ ထပ်မံထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြို့သစ်မြို့နယ်အသင်း အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၂၆

မြို့သစ်မြို့နယ်အသင်း (ရန်ကုန်)၏ တတိယအကြိမ်မြောက် သင်းလုံးကျွတ် အစည်းအဝေးကို ဧပြီ ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီ အရှေ့ဘက်မုခ်အနီး အာဇာနည်လမ်း အမှတ်(၁) စက်မှုဝန်ကြီးဌာန ဓမ္မာရုံ၌ကျင်းပရန် စီစဉ်ထားသည်။ ရန်ကုန်မြို့တွင် နေထိုင်ကြသော မြို့သစ်မြို့နယ်(ရန်ကုန်) အသင်းဝင်များရော အသင်းမဝင်ရသေးသူ မြို့နယ်သူ မြို့နယ်သားများပါ တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားထားသည်။ အသေးစိတ်သိလိုပါက ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ဝင်း (ငြိမ်း) ဖုန်း-၆၉၉၂၂၁၊ ဦးသန်းရွှေ ဖုန်း-၆၃၆၀၇၁၊ ဦးမြသော် ဖုန်း-၆၆၆၈၀၄၊ ဦးသာအောင် ဖုန်း-၆၄၁၆၇၉၊ ဦးတင်အောင် ဖုန်း-၅၆၁၇၇၁ နှင့် ဦးမောင်လှ ဖုန်း-၅၃၇၃၅၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မတ် ၂၄ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ပုဏ္ဏားကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လမ်းသာယာရေးကော်မတီများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ၁၄၁ လမ်းတွင် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (က-ပ)

တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ဧရာဝတီတိုင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မတ် ၂၆

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် တာဝန်ရှိသူများသည် မတ်၁၉ရက် နံနက်ပိုင်းတွင် ဖျာပုံခရိုင် အမာမြို့နယ် ဒေးဒလူ ကျေးရွာအုပ်စု ဘုန်းကြီးသောင်ကျေးရွာ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲသို့ တက်ရောက်ကြသည်။

အလှူငွေပေးအပ်

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က အားပေးစကား ပြောကြားကြပြီး တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က မီးဘေးသင့်အိမ်ခြေ ၅၁၄ အိမ်အတွက် ထောက်ပံ့ငွေ ကျပ်သိန်း၂၀၀၊ ဆန်အိတ် ၄၆၂ အိတ်နှင့် ငွေကျပ် ၈၇သိန်းကျော် တန်ဖိုးရှိ အဝတ်အထည် မျိုးစုံ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ငွေကျပ် ၁၀သိန်းနှင့် ဆန်အိတ် ၅၀နှင့် အလှူရှင်များက အလှူငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

အားပေး

ယင်းနောက် တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် (၆၂) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဘိုကလေးမြို့နယ် သကံဝ-စံပယ်ကုန်း-ငါးပိချောင်းလမ်းနှင့် မြောက်ပန်းတံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

သကံဝ-စံပယ်ကုန်း-ငါးပိချောင်းလမ်းသည် မူလမြေသားလမ်းအဖြစ်မှ အလျားနှစ်မိုင်၊ အကျယ်ရှစ်ပေ၊ ထုခြောက်လက်မရှိ ကျောက်ချောလမ်းအဖြစ် နိုင်ငံတော်ခွင့်ပြု ငွေကျပ်သိန်း ၂၀၀ ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ မြောက်ပန်းတံတားသည် နိုင်ငံတော်ခွင့်ပြုငွေကျပ် ၂၂၇ သိန်း၊ မြို့နယ်စည်ပင်က ငွေကျပ် ၁၅ သိန်း စုစုပေါင်း ငွေကျပ် ၂၄၂သိန်းဖြင့် အလျားပေ၁၈၀၊ အကျယ် ၁၄ပေရှိ ကွန်ကရစ်တိုင် သစ်သားခင်း တံတားတစ်စင်းဖြစ်သည်။

ကတ္တရာလမ်း

ဆက်လက်၍ တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် (၆၂) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဘိုကလေးမြို့ နဝရတ်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲသို့ တက်ရောက်အားပေးကြသည်။

အဆိုပါနဝရတ်လမ်းသည်အကျယ် ၁၈ပေ၊ အမြင့်သုံးပေ မြေသားလမ်းတစ်လမ်းအဖြစ်ဆောင်ရွက်ပြီး နိုင်ငံတော်ခွင့်ပြုငွေကျပ် ၁၄၉ ဒသမ ၅ သိန်းဖြင့် အလျားပေ ၁၅၇၀၊ အကျယ် ၁၂ ပေ၊ ထုခြောက်လက်မရှိ ကတ္တရာလမ်း အဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

သရက်ချောင်းတံတား

ထို့နောက် တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့ဝင်များသည် သရက်ချောင်းတံတားဖွင့်ပွဲသို့ တက်ရောက်အားပေးကြသည်။

သရက်ချောင်းတံတားသည်အလျားပေ၁၀၀၊ အကျယ် ၁၄ပေရှိ ကွန်ကရစ်တိုင်၊ သံပေါင်ရက်မ သစ်သားခင်း တံတားဖြစ်ပြီး နိုင်ငံတော်ခွင့်ပြုငွေကျပ်၁၀၃သိန်း၊ မြို့နယ်စည်ပင်က ငွေကျပ် ၃၃သိန်း စုစုပေါင်းငွေကျပ် ၁၃၆ သိန်းဖြင့်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့ အမှတ်(၆)ရပ်ကွက် နတ်ချောင်း အခြေခံပညာမူလတန်းကျောင်းကို ငွေကျပ်သိန်း ၂၁၀ ဖြင့် အလျားပေ ၁၂၀၊ အကျယ်ပေ ၃၀ ရှိ RC အုတ်တိုက် တစ်ထပ်သွပ်မိုး အဆောက်အအုံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး၊ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့နယ် ကျုံတာကျေးရွာ ယာယီမဏ္ဍပ်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအလုပ်အမှုဆောင်များ၊ ကျေးရွာစည်းရုံးရေးမှူးများ၊ အသင်းဝင်များ၊ ဒေသခံများအားတွေ့ဆုံ၍ အမှာစကား ပြောကြားကြသည်။

အခမဲ့ကုသ

ထို့နောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကကြီးမှူးပြုလုပ်သောအသင်းဝင် ဆရာဝန်ကြီးများ၊ ဖျာပုံခရိုင် အထွေထွေရောဂါကု ဆေးရုံကြီးမှ အလုပ်သင် ဆရာဝန်များ၊ သူနာပြုများဖြင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဖြစ်သည့်သွားနှင့်ခံတွင်း ဝေဒနာရှင် ၂၉ ဦး၊ အထွေထွေရောဂါ ဝေဒနာရှင် ၁၂၁ ဦးတို့အား အခမဲ့ဆေးကုသပေးနေမှုလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျုံတာ အရှေ့ကျောင်းဆရာတော်ဘဒ္ဒန္တဝါယာမအား ဖူးမြော်ကန်တော့ကာ အလှူငွေများပေးအပ်လှူဒါန်းကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီအား ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး တွေ့ဆုံ

နေပြည်တော် မတ် ၂၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံသံအမတ်ကြီး H.E. Mr. Mikhail MGELADZE သည် မတ် ၂၅ ရက် ညနေ ၄နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစိုးမြင့်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးမြင့်ကြည်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်တံတားမြို့နယ် သမဝါယမမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် ၃၃၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာဦးတင်သိန်းလွင် (အငြိမ်းစားဗိုလ်မှူးကြီး)က လက်ခံယူစဉ်။

(က-ပ)

ကိုးဘွဲ့ရဆရာတော် ဧပြီလ ဓမ္မသဘင်

ရန်ကုန် မတ် ၂၆

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော် ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရဓမ္မကထိက ဆရာတော်အရှင်အာစာရာလင်္ကာရ အရှင်သူမြတ်သည် ဧပြီ၁ရက် နံနက်၉နာရီတွင် ကျိုက်ဝိုင်းဘုရားအနီး ပေါက်တန်း ဒိတ်ကုန်းကျောင်း ကိုးဘွဲ့ရသိက္ခာထပ်ပွဲ၊ ညနေ၅နာရီတွင် ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းဆည်းဆာပွဲ၊ည၇နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး ထီးတန်းဓမ္မာရုံ ညဦးပွဲ၊ ည၈နာရီခွဲတွင် ဒေါပုံမြို့နယ် ပြာသာဒ်ကျောင်း ညကြီးပွဲလေးပွဲ၊ ဧပြီ၂ရက် ညနေ၆နာရီတွင် သာကေတမြို့နယ် သဒ္ဒါရုံ ၅လမ်း ဆည်းဆာပွဲ၊ ည၈နာရီတွင် တောင်ဒဂုံမြို့သစ် (၁၈)ရပ်ကွက် စည်ပင်လမ်း၊ ၃ရက် ညနေ၄နာရီတွင် မြောက်ဒဂုံမြို့သစ် (၇)ရပ်ကွက် ကလေးပွဲ၊ ညနေ၆နာရီတွင် ရန်ကင်းမြို့နယ် (၆)ရပ်ကွက် ဓမ္မာရုံဆည်းဆာပွဲ၊ ည၈နာရီတွင် မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက်အထူးပွဲ၊ ၄ရက် ညနေ၆နာရီတွင် ရန်ကင်းမြို့နယ် (၆)ရပ်ကွက် ဓမ္မာရုံဆည်းဆာပွဲ၊ ည ၈နာရီတွင် လှိုင်မြို့နယ် နိဗ္ဗာန်လမ်း နာရေးကူညီမှုအသင်း ညကြီးပွဲ၊ ၅ရက် ညနေ၄နာရီ ကလေးပွဲနှင့် ည၈နာရီတွင် သန်လျင် ကျောက်တန်းမြို့ အနောက်ပိုင်းရပ်ကွက် (၂၁၆)ကားကြီးဝင်းအတွင်း အထူးပွဲ၊ ၆ရက်တွင် ဆိပ်ကြီးခနောင်တိုမြို့ အထူးပွဲ၊ ၇ရက် ညနေ ၆နာရီတွင် သာကေတမြို့နယ် ရန်ပြေ၃လမ်း မာဃဓမ္မာရုံဆည်းဆာပွဲ၊ ည၈နာရီတွင် တာမွေမြို့နယ် ဗျိုင်းရေအိုးစင် ရပ်ကွက် အေးဓမ္မာရုံ ညကြီးပွဲ၊ ၈ရက် ညနေ၆နာရီတွင် သာကေတမြို့နယ် ရန်ပြေ ၃လမ်း မာဃဓမ္မာရုံဆည်းဆာပွဲ၊ ည ၈နာရီတွင် သာကေတမြို့နယ် (၂/က)ရပ်ကွက် သဒ္ဒါရုံလမ်း အမက(၂၆)ကျောင်းရှေ့ မွေးနေ့ပွဲ၊ ၉ရက်နှင့် ၁၀ရက်တို့တွင် တောင်ငူမြို့ ရဟန်းခံရှင်ပြုအလှူတော်အမှတ်တရ ညနေ ကလေးတရားပွဲများနှင့် ညရေစက်ချတရားပွဲများဟောကြားတော်မူမည်ဖြစ်ပြီး တရားပွဲ ရက်ရရှိပြီးသူများ ဆရာတော် ဖုန်း-၀၉၂၁-၃၀၈၉၅၊ ၀၉-၉၉-၇၀၄၈၆၊ ၀၁-၇၀၈၄၀၃ တို့သို့ ကြိုတင်ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**



တပ်မတော်နေ့ ဂုဏ်ပြု ဇာတ်လမ်းပမာထုတ်လွှင့်မည်

ရန်ကုန် မတ် ၂၆

(၆၂)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သစ္စာစိုး၏ **"လွမ်းလွင့်လိပ်ပြာ"** မြန်မာဇာတ်လမ်းကို ဦးသန်းလှိုင်သစ် ဘာသာပြန်ဆိုပြီး "A Heart Rending Loitering Butterfly " အင်္ဂလိပ်ဇာတ်လမ်းအဖြစ် မြန်မာ့အသံရေဒီယို အင်္ဂလိပ်ပိုင်း အစီအစဉ်မှ မတ် ၂၇ရက် ည၉နာရီတိတိတွင် ထုတ်လွှင့်မည်ဖြစ်သည်။

ယင်းဇာတ်လမ်းတွင် ရုပ်ရှင်သရုပ်ဆောင် မင်းဦး၊ လှျမ်းထက်နှင့် ချစ်စနိုးဦးတို့ ပါဝင်သရုပ်ဆောင်ထားကြသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၆

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မော်တော်ယာဉ်လုပ်ငန်း ပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း)၏ (၁၈)ကြိမ်မြောက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ်၂၄ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်း တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ရန်ကုန်တိုင်းရုံးချုပ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်အမှာစကားပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီ(ရန်ကုန်တိုင်း)က တပ်မတော်ဆေးရုံများ၊ သံဃာ့ဆေးရုံနှင့် ပြည်သူ့ဆေးရုံများ၊ အရေးပေါ် လူနာဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတကျောင်းများနှင့် ဘိုးဘွားရိပ်သာများအတွက် လှူဒါန်းသည့် အလှူငွေကျပ် ၈၉ သိန်းကို ပေးအပ်လှူဒါန်းကြသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း)မှ လှူဒါန်းသော အလှူငွေများကို တပ်မတော်ဆေးရုံများ၊ သံဃာ့ဆေးရုံနှင့် ပြည်သူ့ဆေးရုံများ၊ အရေးပေါ် လူနာဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတကျောင်းများနှင့် ဘိုးဘွားရိပ်သာများသို့ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကျေးဇူးတင်စကား

ထို့နောက် အလှူငွေလက်ခံရရှိသည့် ဆေးရုံများ၊ အဖွဲ့အစည်းများနှင့် ပရဟိတကျောင်းများကိုယ်စား မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီး ဒေါက်တာမြင့်သောင်းက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငွေကြာရံ ဓမ္မဝိဟာရ သုံးထပ်ကျောင်း အလှူငွေပေးအပ်

ရန်ကုန် မတ် ၂၆

တောင်ဥက္ကလာပမြို့နယ် (၃)ရပ်ကွက် ၁၃ လမ်း ငွေကြာရံပရိယတ္တိစာသင်တိုက်အတွင်း တည်ဆောက်လျက်ရှိသော ငွေကြာရံဓမ္မဝိဟာရ သုံးထပ်ကျောင်းဆောင်တော်ကြီးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ယင်းကျောင်းဆောင်ကြီးအတွင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ငွေကြာရံဆရာတော် ဘဒ္ဒန္တရေဝတ (အဂ္ဂမဟာ ပဏ္ဍိတ)နှင့် ဆရာတော်များ ဂျပန်နိုင်ငံ တိုကျိုမြို့နေ Koneesan နှင့် ဓမ္မမိတ်ဆွေများ ငွေကြာရံပညာဒါနတွင် ပညာဒါနသင်ကြားပေးကြသည့် ဘာသာရပ်သင်ဆရာကြီးများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ငွေကြာရံဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ငွေကြာရံဓမ္မဝိဟာရ သုံးထပ်ကျောင်းတော်ကြီးအတွက် ဂျပန်နိုင်ငံတိုကျိုမြို့နေ Koneesanက အလှူငွေ အမေရိကန်ဒေါ်လာ ၁၀၆၈၂ ဒေါ်လာလှူဒါန်းရာ ငွေကြာရံပညာဒါန ဖြစ်မြောက်ရေးကော်မတီ ဆရာဦးကံချွန် (ဘောဂဗေဒ)နှင့်ဂျပန်နိုင်ငံထေရဝါဒ ဗုဒ္ဓဘာသာအသင်း ဦးရဝေထွန်းတို့က လက်ခံရယူသည်။ **(အပေါ်ပုံ)** **(က-ပ)**

ပခုက္ကူအကျဉ်းထောင်မှ အကျဉ်းသားများအတွက် ထမင်းနှင့် လူသုံးကုန်ပစ္စည်းများ လှူဒါန်း

ပခုက္ကူခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် စေတနာအလှူရှင်များ ပူးပေါင်း၍ ပခုက္ကူအကျဉ်းထောင်ရှိ အကျဉ်းသား၊ အချုပ်သားများအတွက် ထမင်းနှင့်ဟင်း တစ်နပ်စာအပါအဝင် လူသုံးကုန်ပစ္စည်းများဖြစ်သည့် ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ အားဆေး၊ တိုင်းရင်းဆေး၊ ဆေးပေါ့လိပ်၊ လက်ဖက်အကြော်စုံ၊ မုန့်၊ ကော်ဖီမစ်၊ စာအိတ်၊ စာရွက်စာအုပ်၊ စာတမ်းနှင့် ဂျာနယ်မျိုးစုံ စုစုပေါင်းတန်ဖိုး ငွေကျပ် ၇၁၄၂၂၀ ကို မတ် ၁၂ရက် နံနက် ၁၀နာရီခွဲက အဆိုပါအကျဉ်းထောင်သို့ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မန်းရွှေစက်တော် သိမ်ရေစက်ချမင်္ဂလာပွဲကျင်းပ

မင်းဘူး-စကုမြို့နယ် မန်းရွှေစက်တော်ဘုရား ကလျာဏီ သိမ်တော်ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်က မန်းရွှေစက်တော်ဘုရား အောက်စက်တော်ရာ အထက်ဘက်ကလျာဏီသိမ်အောင်မြေတွင် ကျင်းပရာ ဩဝါဒါစရိယ ဆရာတော်၊ သံဃာတော်များ ကြွရောက်၍ သိမ်ရေစက်ချတရားချီးမြှင့်သည်။ ဘုရားရှင် ခြေတော်ရာနှစ်ဆူ ကိန်းဝပ်ရာ ရွှေစက်တော်အောင်မြေကိုးဌာန၌ တစ်ဌာနအဖြစ် ပါဝင်သည့် ရှေးဟောင်းသိမ်တော်အား အသစ်တစ်ဖန် ပြန်လည်တည်ဆောက်၍ သိမ်အလှူရှင် ဦးကြည်ဝင်း-ဒေါ်ယဉ်စိန် မိသားစု မကွေးမြို့မှ လှူဒါန်း ရေစက်ချခဲ့ခြင်းဖြစ်သည်။

မိုင်းဖြတ်မြို့မဈေး မီးဘေးလုံခြုံရေး ဆောင်ရွက်

မိုင်းဖြတ် မြို့မဈေးကို မီးလောင်မှုမဖြစ်ပွားစေရန်အတွက် မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှု၊ မီးသတ်ကန်၊ မီးချိတ်၊ မီးကပ်၊ သဲပုံးများ ဆောင်ရွက်ထားရှိမှုနှင့် မီးသုံးစွဲမှုအား စနစ်တကျ ဆောင်ရွက်ထားရှိမှုများကို မတ် ၁၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုသည် ဈေးခေါင်း ဦးဌေးဒမ် လိုက်ပါလျက် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရေစက်ချ တရားပွဲ

ရန်ကုန် မတ် ၂၆

ရပ်ကွက်လုံးဆိုင်ရာ မလွန်ဆန်လှူအသင်းထောက်နှင့် တိပိဋကနိကာယ သာသနာပြု ဥပဋ္ဌာကအဖွဲ့၏ နှစ်(၃၀) မြောက် တစ်နှစ်တာ လှူဒါန်းမှုအစုစုတို့၏ ရေစက်ချ ဓမ္မသဘင် တရားပွဲများကို ဧပြီ ၁ရက်မှ ၁၀ရက်အထိ ပါရမီလမ်း အလက ၆ ကျောင်းဝင်း ၁၆ ရပ်ကွက် လှိုင်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ဧပြီ ၁ ရက်တွင် ဘဒ္ဒန္တနန္ဒိမာဓိပတိ၊ ဖောင်တော်သီစာသင်တိုက် မင်းကွန်းတောင်ရိုး၊ ၂ရက်တွင် ဘဒ္ဒန္တ အင်္ဂီသ ပါဠိကာရီ စာသင်တိုက် သာကေတမြို့နယ်၊ ၃ ရက်တွင် ဘဒ္ဒန္တကုန္ဒ ညောင်ကန်တိုက် မန္တလေးမြို့၊ ၄ရက်တွင် ဘဒ္ဒန္တသူရိယာဘိဝံသ ခင်မကန်တိုက် မန္တလေးမြို့၊ ၅ ရက်တွင် ဘဒ္ဒန္တကောသလ္လ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ၆ ရက်တွင် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် ဗဟန်းမြို့နယ်၊ ၇ ရက်တွင် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ မဟာဓမ္မနာဒ ကျောင်းတိုက် မိုးမိတ်ကုန်းမြေ မင်းကွန်းတောင်ရိုး၊ ၈ ရက်တွင် ဘဒ္ဒန္တစန္ဒသိရီအောင်စကြာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ သာကေတမြို့နယ်၊ ၉ ရက်တွင် ဘဒ္ဒန္တဝဏ္ဏိတ ဂန္ဓာရုံစာသင်တိုက် မရမ်းကုန်းမြို့နယ်နှင့် ၁၀ ရက်တွင် ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ ကျိုက်ထိုမြို့တို့က ညစဉ် ၇ နာရီမှစ၍ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကျေးလက်ဖွံ့ဖြိုးရေး ဆောင်ရွက်

စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ပျော့ကျေးရွာအုပ်စုနှင့် နဘဲကြူးကျေးရွာအုပ်စုတို့တွင် မတ် ၁၀ ရက်နှင့် ၁၁ ရက်တို့က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်သောင်း ဦးဆောင်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ပျော့ကျေးရွာနှင့် နဘဲကြူးကျေးရွာများသို့ သွားရောက်ပြီး ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။ ထို့နောက် မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အဆင့်ဆင့်နှင့် ပညာရေး၊ ကျန်းမာရေး ဆောင်ရွက်မှုများကို လည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးစိန်သန်းက ဆေးလိပ်နှင့် ဆေးရွက်ကြီးဥပဒေ အကြောင်းကိုလည်းကောင်း ပညာပေး ဟောပြောခဲ့ကြသည်။

မြန်မာ့အလင်း ပြည်တွင်းသတင်းအတိုအထွာ

မိုးမောက်၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်

မိုးမောက်မြို့နယ် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက် နံနက် ၇နာရီက ခါနန်ရပ်ကွက် မြို့နယ်ခြံစည်းရိုးကြက်ဆူပျိုးခြံ၌ ကျင်းပရာ ဗန်းမော်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဦးဝင်းကြည်က အမှာစကားပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာဦးတောက်ထွန်းက ခြံစည်းရိုးကြက်ဆူစိုက်ပျိုးထားမှုအခြေအနေ ဆက်လက်ပျိုးထောင် စိုက်ပျိုးမည့်အစီအစဉ်နှင့် ခြံစည်းရိုးကြက်ဆူအကြောင်းသိကောင်းစရာများကို လည်းကောင်း ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ပျိုးပင်ပေါင်း ၄၈၀၀၀ကို တပျော်တပါး စုပေါင်းပျိုးထောင်ကြကြောင်း သိရသည်။

ထီးချိုင့်၌ ပညာရည်ချွန်ဆုနှင်း

ကသာခရိုင် ထီးချိုင့်မြို့နယ် ရေဝကျေးရွာအုပ်စု-သောင်ကြီးကျေးရွာ ရေဝမူလတန်းကျောင်း ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၈ရက် နံနက် ၉ နာရီက ကျောင်းခန်းမတွင် ကျင်းပရာ လက်ထောက်ပညာရေးမှူးဦးစိုးနိုင်က အမှာစကား ပြောကြားပြီး ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ်တွင် အတန်းလိုက်ပညာရည်ချွန်ဆုရကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။

ပင်လောင်းမြို့တွင် ကျန်းမာရေးဆိုင်ရာ ပညာပေး

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကိုယ်ဝန်ဆောင်၊ စိတ်ကျန်းမာ၊ တီဘီ၊ အိတ်ချ်အိုင်ဗွီ၊ ငှက်ဖျားရောဂါဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ပညာပေးသင်တန်းကို မတ် ၄ရက်နှင့် ၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်းက အမှာစကားပြောကြားဖွင့်လှစ်ပေးပြီး မြို့နယ်လက်ထောက်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်သိန်းထွေးက သင်တန်းပို့ချပြီး မြို့နယ်အတွင်းရှိ အသင်းခွဲများမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ၅၆ဦး တက်ရောက်ခဲ့ကြသည်။

ဆယ်အိမ်စု မှူး ဆင့်ပွားသင်တန်းဖွင့်

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့်ဆယ်အိမ်စုမှူး ဆင့်ပွားသင်တန်းအမှတ်စဉ်(၂၅/၂၀၀၇)ဖွင့်ပွဲကိုမတ်၁၂ရက် နံနက်၁၀နာရီက ကျောက်ဆည်မြို့ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝင်းမေက သင်တန်းဖွင့်အမှာစကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူးဒေါ်ခင်ဝင်းကြည်က သင်တန်းရေးရာများရှင်းလင်းပြောကြားသည်။

မတ် ၁၃ရက်က တာမွေမြို့နယ် အမှတ်(၁၅) အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသော ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်ပွဲ၌ စတုတ္ထတန်း (ဂ)မှ ကျောင်းသူ မမြတ်ဟေမာဆောင်းအား ကျောင်းအုပ်ဆရာကြီး ဦးကိုရီက သင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်စဉ်။ (က-ပ)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စာသင်ခုံများ၊ စာရေးကိရိယာများ ပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၂၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပညာရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုလုပ်ငန်းအတွက် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်း ရှစ်ကျောင်းသို့ စာသင်ခုံများ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ကြည့်မြင်တိုင်မြို့နယ် သရက်တော(တောင်)ရပ်ကွက် သရက်တော(၂)လမ်းရှိ အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများအတွက် စာသင်ခုံများ ပေးအပ်လှူဒါန်းစဉ်။ (မြို့တော်စည်ပင်)

ရှင်းလင်း

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပညာရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုလုပ်ငန်းအတွက် စာသင်ခုံနှင့် အထောက်အကူပစ္စည်းများ လှူဒါန်းမှုနှင့် ပညာရေး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

လက်ခံ

ဆက်လက်၍ ကြည့်မြင်တိုင်မြို့နယ်ရှိ အမှတ်(၂)၊ အမှတ်(၁၃)၊ အမှတ်(၁၄)၊ အမှတ်(၁၅)၊ အမှတ်(၁၆)၊ အမှတ်(၁၇)၊ အမှတ်(၁၈)နှင့် ဝါးရုံဆိပ် အခြေခံပညာ မူလတန်းကျောင်းများသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကိုယ်စား အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ငွေကျပ် သိန်း ၃၀ တန်ဖိုးရှိ စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် စာသင်ခုံ အစုံ ၁၀၀၊ အဖွဲ့ချုပ် ကိုယ်စား ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွှန့်ညွှန့်ဦး၊ စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့် တာဝန်ရှိသူများက ငွေကျပ် သုံးသိန်းတန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၂၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံကြသည်။

ထို့နောက် ဗိုလ်မှူးချုပ် စည်သူ တင်ဖေ(ငြိမ်း)-ဒေါ်သိန်းဆိုင် (စာရေးဆရာမကြီး မပြတ်လေး)တို့ကို အမှူးထား၍ မြတ်လေးရုံမိသားစုက ငွေကျပ် တစ်သိန်းတန်ဖိုးရှိ ခဲတံဒါဇင် ၁၀၀ ကို ပေးအပ်လှူဒါန်းရာ အခြေခံပညာ မူလတန်းကျောင်းများကိုယ်စား အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ညွှန့်ညွှန့်ဝင်းက လက်ခံသည်။

ရုပ်သိမ်း

ယင်းနောက် အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ရာ အဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်ခိုင်စိုးမြင့်နှင့် စီမံရေးရာဌာနကြီးအဖွဲ့ဝင် ဒေါ်မေစန်းကြည်တို့က လက်ခံကြသည်။

ကျေးဇူးတင်စကားပြော

ထို့နောက် မြို့နယ် ပညာရေးမှူး ဦးသန့်ဇင်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကင်းမြို့နယ် ပြည်သာယာ (ကျိုက္ကဆံ ILBC တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွှန့် (၉)လမ်းနေ ဦးကံမောင်-ဒေါ်သန်းကြွယ် မိသားစုက သမီး မရီရီဝင်း၏ မွေးနေ့ကောင်းမှုအဖြစ် အလှူငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုလွှာချီးမြှင့်တော်မူစဉ်။ (၁၁၅)

သား၊ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေး ညှိနှိုင်းစည်းဝေး ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်မှာကြား

နေပြည်တော် မတ် ၂၆

သား၊ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်စေရေး ညှိနှိုင်းအစည်းအဝေးကို မတ် ၂၅ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ဒေသဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပံ့ပိုး

ရှေးဦးစွာ ဝန်ကြီးက အမှာစကား ပြောကြားရာတွင် သား၊ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် မွေးမြူရေးလုပ်ငန်းရှင်များက များများမွေး၊ များများ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ တစ်ဖက်မှလည်း တိရစ္ဆာန်များ ရောဂါဖြစ်ပွားခြင်းမရှိအောင် ကာကွယ်ဆေးများ ထိုးနှံပေးရမှာဖြစ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ဝိုင်းဝန်းကူညီ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးဘေးရှောင် မလောင်ခင်တား

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်မှုနှင့် သတိပေးနှိုးဆော်ချက်သတင်း

ရန်ကုန် မတ် ၂၆

၁။ ကြက်ငှက်တုပ်ကွေးရောဂါစစ်ဆေးတွေ့ရှိမှု

ရန်ကုန်တိုင်း မြို့နယ်များအတွင်း မွေးမြူရေးခြံများ၌ အောက်ဖော်ပြပါအတိုင်း ကြက်ငှက်တုပ်ကွေးရောဂါ စစ်ဆေးတွေ့ရှိ အတည်ပြုခဲ့ကြောင်း-

နေ့စွဲ	မြို့နယ်	မွေးမြူရေးခြံ	မှတ်ချက်
၂၈-၂-၂၀၀၇	မရမ်းကုန်း	ဥစားကြက်၊ ဘဲခြံ (၁)ခြံ	H5 N1
၂-၃-၂၀၀၇	လှိုင်သာယာ	ဥစားကြက်ခြံ (၁)ခြံ	H5 N1
၁၃-၃-၂၀၀၇	မြောက်ဥက္ကလာပ	ရစ်ခြံ (၁)ခြံ	H5 N1
၁၃-၃-၂၀၀၇	မင်္ဂလာဒုံ	ငုံးခြံ (၁)ခြံ	H5 N1
၁၈-၃-၂၀၀၇	မှော်ဘီ	ဥစားကြက်ခြံ (၁)ခြံ	H5 N1

၂။ မွေးမြူရေး ကြက်၊ ဘဲ၊ ရစ်၊ ငုံး သေဆုံး/ဖျက်ဆီးမှု

ကြက်ငှက်တုပ်ကွေးရောဂါကျရောက်ခဲ့သည့် မွေးမြူရေးခြံများရှိ ကြက်၊ ရစ်၊ ငုံးများနှင့် ရောဂါကူးစက်မှုအန္တရာယ်ဖြစ်နိုင်ချေရှိသည့် ရောဂါဖြစ် ကြက်ခြံအဝန်းအဝိုင်းရှိ ကြက်၊ ဘဲ၊ ငုံးများ၊ ၎င်းခြံနှင့် ထိစပ်နေသည့် မွေးမြူရေးကြက်၊ ဘဲ၊ ငုံးများနှင့် တစ်ကီလိုမီတာအတွင်းရှိ ရောဂါကူးစက်မှုအန္တရာယ်ရှိနိုင်သည့် ကြက်၊ ဘဲ၊ ငုံးများကို လက်ဦးမှုရယူ၍ သုတ်သင်ဖျက်ဆီးခဲ့ကြောင်း-

အကြောင်းအရာ	သေဆုံးကောင်ရေ	ဖျက်ဆီးကောင်ရေ	သေဆုံး/ဖျက်ဆီး ကောင်ရေ	မှတ်ချက်
ရောဂါဖြစ်မွေးမြူရေးခြံ (၅)ခြံ မရမ်းကုန်း၊ လှိုင်သာယာ၊ မြောက်ဥက္ကလာပ၊ မင်္ဂလာဒုံ၊ မှော်ဘီ	ကြက် ၁၇၂၇ ရစ် ၆၆ ငုံး ၆၀	ကြက် ၂၂၂၃၇ ရစ် ၅၄ ဘဲ ၄၆၃ ငုံး ၂၂၄၀	ကြက် ၂၃၉၆၄ ရစ် ၁၂၀ ဘဲ ၄၆၃ ငုံး ၂၃၀၀	၂၈-၂-၂၀၀၇ မှ ၂၀-၃-၂၀၀၇
ရောဂါအန္တရာယ်ကူးစက် ပျံ့နှံ့မှုကြိုတင်ကာကွယ်ရေး အစီအစဉ်အရ (၅)ခြံ လှိုင်သာယာ၊ မရမ်းကုန်း၊ မှော်ဘီ(မွေးမြူရေးဇုန်-၁)၊ မြောင်းတကာ၊ တောင်ဥက္ကလာပ	ကြက် ၅ ဘဲ ၅ ငုံး ၁၀၀၀	ကြက် ၅၁၅၀ ဘဲ ၂၉၁၂ ငုံး ၁၃၆၀၇	ကြက် ၅၁၅၅ ဘဲ ၂၉၁၇ ငုံး ၁၄၆၀၇	၂၈-၂-၂၀၀၇ မှ ၂၃-၃-၂၀၀၇
စုစုပေါင်း	၂၈၆၃	၄၆၆၆၃	၄၉၅၂၆	

၃။ ငှက်မြေကျသေဆုံးမှု ဓာတ်ခွဲခန်းစစ်ဆေးတွေ့ရှိမှု

၂၇-၂-၂၀၀၇ ရက်မှ ၂၆-၃-၂၀၀၇ ရက်အထိ ရန်ကုန်တိုင်း မြို့နယ်များအတွင်း ကျီး၊ ခို၊ စာကလေး၊ ချိုးစုစုပေါင်း ၃၂၄ ကောင် မြေကျသေဆုံးမှုရှိ၍ ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးတွေ့ရှိချက်အရ ငှက်အများစုမှာ အပူရှပ်၊ နာတာရှည်၊ အသက်ရှူလမ်းကြောင်းရောဂါ၊ ကျောက်ပေါက်ရောဂါ၊ ထိခိုက်ဒဏ်ရာနှင့် အဆိပ်အတောက်ကြောင့် သေဆုံးကြောင်း၊ ကျီးခြောက်ကောင်တွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယရှိခဲ့ကြောင်း။

၄။ ကြက်၊ ဘဲသေဆုံးမှုနှင့် ဓာတ်ခွဲခန်းစစ်ဆေးတွေ့ရှိမှု

အထက် အပိုဒ်(၁)ပါ မြို့နယ် ငါးမြို့နယ်မှ လက်ခံရရှိသည့် ကြက်၊ ငုံး၊ ရစ်များ၏ နမူနာပစ္စည်းများကို ဓာတ်ခွဲခန်းစမ်းသပ်စစ်ဆေးချက်အရ H5 N1 တွေ့ရှိကြောင်း ဖော်ပြထားပြီးဖြစ်ကြောင်း၊ ၂၇-၂-၂၀၀၇ ရက်မှ ၂၆-၃-၂၀၀၇ ရက်အထိ ရန်ကုန်တိုင်း အင်းစိန်၊ မင်္ဂလာဒုံ၊ ရန်ကင်း၊ သာကေတ၊ အလုံ၊ ကမာရွတ်၊ သဃ်ာန်းကျွန်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မရမ်းကုန်း၊ မှော်ဘီ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ တောင်ဥက္ကလာပနှင့် ပဲခူးတိုင်း မင်းလှမြို့နယ်၊ နတ်တလင်းမြို့နယ်တို့မှ ဓာတ်ခွဲခန်းသို့ ပေးပို့လာကြသည့် ကြက် ၇၅ ကောင်၊ ဘဲငန်း ၂၂ ကောင်တို့ကို စစ်ဆေးခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါပိုး မတွေ့ရှိရပါကြောင်း၊ ကြက်လည်လိမ်ရောဂါ၊ အပူရှပ်ခြင်း၊ ကြက်၊ ဘဲ ဝမ်းကျရောဂါတို့ကြောင့် သေဆုံးကြောင်း၊ ပဲခူးတိုင်း မင်းလှကြက်ခြံမှ ကြက်အချို့ ကြက်သန်းနှိမ်နင်းရန် ဆိုက်ပါမက်ထရင်ပိုးသတ်ဆေး အပြင်းစားပက်ဖျန်းမှုကြောင့် သေဆုံးကြောင်း။

၅။ ဖြစ်စဉ်အပေါ်သုံးသပ်ချက်

(က) သေဆုံးခဲ့သည့် ငှက်များအား စစ်ဆေးချက်အရ ကျီးခြောက်ကောင်တွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယရှိခဲ့သည်မှအပ အခြားရာသီအလိုက် ကျရောက်တတ်သည့် ရောဂါများနှင့် ထိခိုက်မှုများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း။

(ခ) ကျီးကန်းအချို့သည် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်နိုင်ချေရှိသော်လည်း အခြားတိရစ္ဆာန်များသို့ ကူးစက်နိုင်ခြင်းမရှိကြောင်း၊ သို့သော် ရောဂါရှိ တိရစ္ဆာန်အသေများ စားသုံးစဉ် နှုတ်သီး၊ ခြေထောက်များနှင့် ထိတွေ့ပါလာသော ဗိုင်းရပ်စ်ပိုးများမှ အခြားကြက်ငှက်များသို့ ပျံ့နှံ့စေနိုင်ကြောင်း။

(ဂ) ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သော မြို့နယ်များကို ကန့်သတ်ဇုန်၊ ထိန်းချုပ်ဇုန်များအဖြစ်သတ်မှတ်၍ ရောဂါထိန်းချုပ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်မှုအရ ယင်းမြို့နယ်များအတွင်း ရောဂါကူးစက်ပျံ့နှံ့မှုမရှိအောင် စတင်ထိန်းချုပ်လာနိုင်ပြီဖြစ်ကြောင်း။

၆။ သတိပေးနှိုးဆော်ချက်

(က) ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုဖြစ်စဉ်၌ ဗိုင်းရပ်စ်ပိုးသည် မြို့နယ်ကျော်ဖြတ်၍ ရောဂါကူးစက်မှုရှိခဲ့သဖြင့် မြို့နယ်အသီးသီးရှိ မွေးမြူသူများနှင့် ရောင်းဝယ်ဖောက်ကားသူများအနေဖြင့် အစာအိတ်၊ ကြက်ဥသယ်ဗန်း၊ ကြက်သားပေါက်သယ်ဘူး အသစ်များကိုအသုံးပြုရန်နှင့် လုပ်ငန်း အသုံးအဆောင်ပစ္စည်းများကို ရောဂါပိုးသတ် သန့်စင်ပြီးမှ အသုံးပြုကြရန်၊

(ခ) ကျီး၊ ငှက်များ မွေးမြူရေးခြံအတွင်း မဝင်ရောက်စေရေးအတွက် ကြက်ခြံများ၏ ဇီဝလုံခြုံမှု တိုးမြှင့်ဆောင်ရွက်ရန်၊

(ဂ) မြို့နယ် ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေး ကြီးကြပ်ဆောင်ရွက်နေသည့် ဒေသ အာဏာပိုင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ပျော်ဘွယ်မြို့နယ် ချောင်းကောက်တမံလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၆

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မတ်၂၄ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ချောင်းကောက်ရေလှောင်တမံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီနှင့် တွေ့ဆုံပြီး ဆည်ရေသိုလှောင်ရရှိမှု၊ဆည်ရေပေးမှု၊ မိုးနှင့်နွေသီးနှံ စိုက်ပျိုးမှုများကို ဆွေးနွေးရာလုပ်ငန်းဌာန တာဝန်ခံများက ရှင်းလင်းတင်ပြကြသည်။

မှာကြား

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ချောင်းကောက်ရေလှောင်တမံ၏ ရေလှောင်ထားမှုနှင့် နွေစပါးနှင့် မိုးကြိုချည်မျှင်ရှည်ဝါသီးနှံများ ဆည်ရေပေးဝေမှု အခြေအနေ၊ တာတမံထိန်းသိမ်းထားမှု အခြေအနေ၊ ထိန်းသိမ်းရေးဝန်ထမ်းများ၏ ဆိတ်မွေးမြူမှုကို ကြည့်ရှုအားပေးပြီး ဝင်ငွေရနှစ်ရှည်သီးနှံပင်များ၊ ဆည်ရေဝေရေလဲ နေရာနှင့် ဆည်ဝန်းကျင်တွင် စိုက်ပျိုးကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး ချောင်းကောက်ရေလှောင်တမံမှ ညောင်ကုန်းတမံသို့ ဆက်သွယ်ထားသော လွှန်ငင်တမံနှင့် လက်ခုပ်ပင်တမံများ၏ ရေသိုလှောင်ထားမှု၊ တူးမြောင်းများ ထိန်းသိမ်းစောင့်ရှောက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် ချောင်းကောက်ရေလှောင်တမံမှ တစ်မိုင်ခန့်ရှည်လျားသည့် ဆက်သွယ်ရေးတူးမြောင်းမှလွှန်ငင်တမံကိုကြည့်ရှုစစ်ဆေးသည်။

မိတ္ထီလာလွင်ပြင်

ယင်းနောက် လွှန်ငင်တမံမှ တစ်မိုင်ခန့်ကွာဝေးသည့် ဆက်သွယ်တူးမြောင်းတစ်လျှောက်မှ လက်ခုပ်ပင်တမံ၏ ရေဝင်ရရှိမှု၊ တမံဘေးပတ်ဝန်းကျင်တွင် ဆည်ရေဖြင့် နွေစပါးစိုက်ပျိုးမှုနှင့် စိုက်ခင်းများကိုလည်းကောင်း၊ ညောင်ကုန်းတမံ ရေသိုလှောင်ထားမှုကိုလည်းကောင်း ကြည့်ရှုကာ ရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ဆည်ရေရရှိမှု၊ ဆည်ရေပေးဝေမှုနှင့် မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေး စီမံကိန်းများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဆောင်ရွက်ရမည့်လုပ်ငန်းများ မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ညနေပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် မုန်တိုင်ဆည်သို့ ရေကူပေးနိုင်ရန်၊ တည်ဆောက်နေသော ရှမ်းမငယ် ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြရာ ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ပင်မတမံ ရေထုတ်ပြွန်ရေပိုလွှဲ တည်ဆောက်နေမှုကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ရှမ်းမငယ် ရေလှောင်တမံတည်ဆောက်ခြင်းဖြင့် မုန်တိုင်ဆည် ရေကူပေးနိုင်သည်သာမက ရေလှောင်တမံ ပတ်ဝန်းကျင် စိုက်ခင်းများဆည် ရေရရှိရေးနှင့် ကျေးလက်မီးလင်းရေးအတွက် အသေးစားရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရေး၊ တည်ဆောက်ရေးကာလ ဆက်သွယ်သွားလာနေသည့် လမ်းများကို ကျေးရွာချင်း ဆက်သွယ်သည့် လမ်းများအဖြစ် အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ရေး မှာကြားသည်။

● ကျောဖုံးမှ

စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်နှင့် ခွဲစိတ်ပြီး သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်ပြီး ရှင်းလင်းဆောင်၌ စက်ရုံမှူးလက်ထောက်မန်နေဂျာ ဦးစိုးပိုင်က ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် အထွေထွေမန်နေဂျာ ဦးခင်မောင်ဝင်းတို့က ဖြည့်စွက်ရှင်းလင်း တင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းမှာကြား

ထို့နောက်ဝန်ကြီးသည် ရေကြည်မြို့နယ် ပုသိမ်အနောက် သစ်ထုတ်ရေးဒေသ သီတာကုန်းပြင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဒေသသစ်ထုတ် ရေးမန်နေဂျာ ဦးနေသွေးခိုင်က ဒေသအတွင်း လမ်းဖောက် လုပ်ပြီးစီးမှု၊ သစ်ဆိပ်များသို့ သစ်ရောက်ရှိမှုနှင့် လာမည့် သစ်ထုတ်မည့် ရာသီအတွက် သစ်ထုတ်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ဧရာဝတီတိုင်း သစ်ထုတ်ရေး ဒုတိယအထွေထွေမန်နေဂျာ ဦးစိုးမိုးက ဧရာဝတီတိုင်းအတွင်းသစ်ထုတ်လုပ်ငန်းများဆောင်ရွက်နေမှု၊ လာမည့်သစ်ထုတ်ရာသီအတွက် ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပံ့ပိုး

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ထွေးဦးသည် တည်ဆောက်နေသည့် စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မုန်တိုင်ကျေးရွာတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မိသားစုနှင့် နယ်မြေခံလူထု စုပေါင်းလှူဒါန်းထားသည့် စက်ရေတွင်း၏ ရေထွက်မှု၊ကျေးရွာလူထု ရေအသုံးပြုမှုကို ကြည့်ရှု၍ လိုအပ်သည်များကို မှာကြားပြီး စာသင်ကျောင်း ရေရရှိရေးနှင့် ကျေးရွာလူထုနှင့် ဈေးနေ့များတွင် လာရောက်သည့် နယ်မြေလူထု သောက်သုံး ရေရရှိရေးတို့အတွက် ကူညီပံ့ပိုးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

အောင်စကြာ မိုးကုတ်ရိပ်သာ သင်္ကြန် ၁၀ရက်စခန်းပွဲ

ရန်ကုန် မတ် ၂၆

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ရိပ်သာကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်း ၁၀ရက် အထူးတရားစခန်းပွဲကြီးကို ၁၃၆၈ခုနှစ် တန်ခူးလပြည့်ကျော် ၇ရက် (ဧပြီ ၈ရက်) တနင်္ဂနွေနေ့မှ ကဆုန်လဆန်း ၂ရက် (ဧပြီ ၁၇ရက်) အင်္ဂါနေ့အထိ ကျင်းပမည်ဖြစ်သည်။ ဒုလ္လဘရဟန်း၊ သီလရှင်ဝတ်လိုသောပုဂ္ဂိုလ်များနှင့် ယောဂီများ ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ပြီးတရားစခန်းပွဲအတွင်း အရုဏ်ဆွမ်း၊နေ့ဆွမ်း၊ အချိုပွဲ၊ ဖျော်ရည်လှူဒါန်းလိုသော စေတနာရှင်များသည် ဖုန်း- ၅၄၇၀၂၈၊ ၀၉-၅၁-၄၇၃၈၂ တို့သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ညောင်ဦးမြို့နယ် စဉ့်ကူမြို့ တောင်လက်ရပ်ငါးမျက်နှာကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တတိလောကကျောင်းနှင့် မူလတန်းကျောင်းအတွက် အင်းစိန်မြို့၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ ၂ လမ်းတောင်နေ ဦးမြရှိန်-ဒေါ်လှလှမြတ် မိသားစုက ကျပ်ခြောက်သိန်းကျခံလှူဒါန်းသည့် အဝီစိရေတွင်း၊ ရေစုပ်စက်၊ အုတ်ရေကန်နှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ရက်က ငါးမျက်နှာတောင်တိုက်၌ကျင်းပရာ မဟာဝိသုတာရုံတိုက်သစ် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဥတ္တမထံ အလှူရှင်မိသားစုက လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။ (၀၄၆)

မြန်မာ-တရုတ်ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် မတ် ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင် ၂၀၀ ကျော်တို့ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ လာရောက်၍ မြန်မာစီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စများကို အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို မတ်၂၉ရက်တွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးမည်

တွေ့ဆုံ ဆွေးနွေးပွဲတွင် ယူနန်ပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင်များသည် မြန်မာစီးပွားရေး လုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် သစ်၊ ဝါးနှင့်ပရိဘောဂလုပ်ငန်း၊ ရော်ဘာလုပ်ငန်း၊ ရေအားလျှပ်စစ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ သတ္တုတွင်းလုပ်ငန်း၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း၊ လက်ဖက်ခြောက်လုပ်ငန်း၊ သကြားစက်လုပ်ငန်း၊ အထည်အလိပ်လုပ်ငန်း၊ ဓာတ်မြေသြဇာနှင့် ဓာတုဗေဒဆိုင်ရာပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်း၊ စက်ပစ္စည်း၊ လယ်ယာစိုက်ပျိုးရေးသုံး စက်ကိရိယာများနှင့် စပ်လျဉ်းသည့် လုပ်ငန်းများကို ဆွေးနွေးကြမည်ဖြစ်သည်။

ဆက်သွယ်

စီးပွားရေးလုပ်ငန်း ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးရန်ရှိသည့် စီးပွားရေးလုပ်ငန်းရှင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ ဆက်သွယ်စာရင်းပေးသွင်းရန်နှင့် တက်ရောက်ခွင့် ရရှိပြီးသား စီးပွားရေးလုပ်ငန်းရှင်များသည် အဆိုပါနေ့ မွန်းလွဲ ၂ နာရီခွဲအရောက် ကုန်သည်ကြီးများ ဟိုတယ်သို့ လာရောက်ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ ပန်းဘဲတန်းမြို့နယ် ရေအားဖြည့် စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(မြို့တော်စည်ပင်)

(၆၂)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု စက်ရေတွင်းများဖွင့်ပွဲကျင်းပ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဖွင့်လှစ်ပေး

ရန်ကုန် မတ် ၂၆

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်နှင့် ဒဂုံမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့က ကြီးမှူးဆောင်ရွက်ပြီးစီးခဲ့သော ရေအားဖြည့်စက်ရေတွင်းများဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်း(အထက်)ရှိ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း ဥပစာ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ)များဖြစ်ကြသည့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ တက်ရောက်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့သည် စက်ရေတွင်းရေဘားများကို ဖွင့်လှစ်ပေး၍ ရေစတင်လွှတ်ပေးပြီး ရေအရည်အသွေးကို ကြည့်ရှုစစ်ဆေးကြသည်။

အသိအမှတ်ပြုကတ်

ထို့နောက် ရေအားဖြည့်စက်ရေတွင်း ဖွင့်ပွဲနှင့် အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အမှာစကား ပြောကြားပြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၁၁)ရပ်ကွက်နှင့် (၈) ရပ်ကွက်နေ ပြည်သူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ အစောင် ၁၅၀ ကို အမှတ်(၈)ရပ်ကွက် စည်းရုံးရေးမှူးဦးဇော်ရဲနိုင်က ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်ကလက်ခံပြီး အသင်းဝင် အသိအမှတ်ပြုကတ်များ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရပ်မိရပ်ဖ ဦးလှရှိန်က ကျေးဇူးတင်စကား ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့သည် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းနှင့် ဦးဝိစာရလမ်းထောင့်ရှိဒဂုံပန်းခြံ၌ကျင်းပသည့်ရေအားဖြည့် စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ စက်ရေတွင်းရေဘားများကို ဖွင့်လှစ်ပေးကြပြီး ရေစတင်လွှတ်ပေးကြကာ ရေအရည်အသွေးကို ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း သင်တန်းသားများခေါ်ယူ

ရန်ကုန် မတ် ၂၆

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကမ္ဘာအေး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း (ရန်ကုန်တိုင်း)၏ အမှတ်စဉ်(၁၃) နှစ်နှစ်သင်တန်းကို မေ၆ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသော ရဟန်းတော်များသည် အနည်းဆုံး ပထမကြီးတန်း အောင်မြင်ပြီး ရဟန်းသိက္ခာ(၇)ဝါ ရရှိသူများသာ လျှောက်ထားနိုင်သည်။ ပထမကြီးတန်း မအောင်သေးသူများ တက်ရောက်လိုပါက ဝင်ခွင့်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြရမည် ဖြစ်သည်။

သင်တန်းလျှောက်လွှာများကို ဧပြီ၃ ရက်မှ ၁၂ရက်အထိ ယင်းသင်တန်းကျောင်း၌ ထုတ်ယူလျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗိုလ်မှူးမင်းဒင်နှင့်သား ဦးသူရမင်းဒင်တို့အား ရည်စူး၍ အမှတ်၉၉ (အို) သံလွင်လမ်း ကမာရွတ်မြို့နယ်နေ ဒေါ်ရီရီလှနှင့် သားသမီး မြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်းပဒေသာပင် ကျပ်ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်လက်ခံယူစဉ်။

(က-ပ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ (ရွှေသီဂီရိတနာမဏ္ဍာရုံ ၉၈ ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်)သို့ မိဘများနှင့် ဦးဘသန်းဟက်အားရည်စူး၍ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းနေ ဒေါ်သန်းသန်း သားသမီးမြေးမြစ် တစ်စုတို့က ငွေကျပ်၁၀သိန်း လှူဒါန်းရာ ဥက္ကဋ္ဌမဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့်က လက်ခံယူစဉ်။

(က-ပ)

သွေးလှူရှင်များ သွေးလှူဒါန်းနိုင်

ရန်ကုန် မတ် ၂၆

ဆေးရုံအသီးသီး၌ သွေးလိုနေသော ဝေဒနာရှင်များအား မေတ္တာသွေးစက်ဖြင့် အသက်ကယ်နိုင်ရန် (၉၉)ကြိမ်မြောက် သွေးလှူဒါန်းပွဲကို မေတ္တာဗျူဟာအဖွဲ့ကကြီးမှူး၍ ဧပြီ ၁ရက် နံနက်၈နာရီခွဲတွင် ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းဓမ္မာရုံကြီး၌ စတင်ကျင်းပမည်ဖြစ်သည်။

သွေးလှူဒါန်းလိုသူ မေတ္တာသွေးလှူရှင်တိုင်း လာရောက်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးရွာတစ်ရွာ၊ ကုန်ထုတ်လုပ်ငန်းတစ်ခု၊ နိုင်ငံအကျိုးပြု လုပ်ငန်းစီမံချက်ဖြင့် အံ့ဝင်ခွင်ကျဖြစ်နေသော မွန်ပြည်နယ် သထုံမြို့နယ် တံတားဦးကျေးရွာမှ စဉ့်အိုးလုပ်ငန်း

ကွင်းဆင်းလေ့လာရေးသားသူ-နုနုရီနှင့် တင်တင်ဝင်း
ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၆

မိရိုးဖလာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းသည် မိမိ၏မိသားစုအတွင်း တစ်ပိုင်တစ်နိုင် လုပ်ရသော လုပ်ငန်းဖြစ်၍ စိတ်ရှည်ရှည်နှင့်ပြုလုပ်ရသော လုပ်ငန်းဖြစ်သဖြင့် စိတ်တည်ငြိမ်မှုကို ဖြစ်ပေါ်စေသည်။

စဉ့်အိုးဆိုင်

One Village, One Product **(ကျေးရွာတစ်ရွာ၊ ကုန်ထုတ်လုပ်ငန်းတစ်ခု၊ နိုင်ငံအကျိုးပြု)** လုပ်ငန်းစီမံချက်ဖြင့် မကြာမီက မွန်ပြည်နယ်သို့ ရောက်ရှိခဲ့ကြသော မြန်မာ့အလင်းသတင်းအဖွဲ့သည် နှစ်ပေါင်း ၁၀၀ ကျော်ကြာ အသက်မွေးဝမ်းကျောင်း ပြုခဲ့ကြသည့် မွန်ပြည်နယ် သထုံမြို့နယ် တံတားဦး ကျေးရွာရှိ မိဘကျေးဇူးစဉ့်အိုးဆိုင်သို့ သွားရောက်လေ့လာခဲ့ကြသည်။

ပြုလုပ်ပုံ

ရှေးဦးစွာ မြန်မာ့အလင်းသတင်းအဖွဲ့က စဉ့်အိုးပြုလုပ်ပုံအဆင့်ဆင့်ကို စေ့ငုမေးမြန်းခဲ့ကြသည်။ စဉ့်အိုးပြုလုပ်ပုံမှာ ရွှံ့စေးမြေခြောက်ကို ရေစိမ်ပြီး

စဉ့်ခွက်များကို ဤသို့ ချော်ရည်သုတ်လိမ်းရသည်။

နှပ်ထားရသည်။ ယင်းနှပ်ထားသောမြေကြီးကို နင်းနယ်ရပါသည်။ နင်းနယ်ပြီးနှပ်ထားသည့် မြေကြီးအား မြေတောင့်ပြုလုပ်ရပြီး ၎င်းမြေတောင့်အား အိုးလှည့်သည့် လက်လှည့်စက်ပေါ်သို့တင်ပြီး လိုရာအိုးပုံစံကို လှည့်ယူရသည်။

လှည့်၍ရရှိသော အိုးစိမ်းများကို နှစ်ရက်အခြောက်လှန်းပြီး ချော်ရည်သုတ်လိမ်း ရပါသည်။ ချော်ရည်ပြုလုပ်ပုံမှာ ရှမ်းပြည်နယ် ဘော်ဆိုင်းသတ္တုတွင်းမှ ဝယ်ယူရရှိသည့် ချော်ခဲလေးများကို ဆုံဖြင့်ထောင်းပြီး အမှုန့်ပြုလုပ်ရပါသည်။ ချော်မှုန့်ကို ရေနှင့်ဖျော်ပြီး စဉ့်အိုး၊ စဉ့်ခွက်များတွင် သုတ်လိမ်းရကြောင်း သိရသည်။

မီးဖုတ်ရ

စဉ့်ချော်ရည် သုတ်လိမ်းထားသောအိုးကို ဖိုထဲထည့်ပြီး မီးဖုတ်ရပါသည်။ မီးဖုတ်ရာတွင် နှစ်ရက်ခန့်အပူချိန် အနည်းငယ်ပေးရပြီး မီးပြင်းတစ်ရက်ပေးရသည်။ မီးပြင်းတိုက်ထားသောအိုးကို နှစ်ရက်အအေးခံပြီးမှ ဖိုပြင်သို့ထုတ်ပြီး ရောင်းချရပါသည်။ စဉ့်အိုးကြီးတစ်လုံး အဆင့်ဆင့်ပြုလုပ်ချိန်မှစ၍ ရောင်းချရန် အဆင့်ထိ ၁၅ရက်ခန့် ကြာပါသည်။ တစ်ဖိုလျှင် စဉ့်အိုးကြီးသည် ပိဿာ ၅၀ ဝင် ခြောက်လုံး၊ ၂၅ ပိဿာဝင် ငါးလုံး၊ ၁၀ ပိဿာဝင် ဆယ်လုံး၊ ငါးပိဿာဝင်ငါးလုံး၊ သုံးပိဿာဝင်ငါးလုံး၊ နှစ်ပိဿာဝင် ငါးလုံးထွက်ရှိသည်။

ထွက်ရှိ

မိဘကျေးဇူး စဉ့်အိုးဆိုင်မှ ထွက်ရှိသော ပစ္စည်းများမှာ ပိဿာ ၅၀ ဝင် စဉ့်အိုး၊ ၂၅ ပိဿာဝင် စဉ့်အိုး၊ ၁၀ ပိဿာဝင်စဉ့်အိုး၊ ငါးပိဿာဝင်စဉ့်အိုး၊ သုံးပိဿာဝင်စဉ့်အိုး၊ နှစ်ပိဿာဝင်စဉ့်အိုး၊ ငရုတ်ဆုံ၊ အင်တုံ၊ ပန်းစိုက်အိုး၊ ကော်စေးခံခွက်တို့ ထွက်ရှိပါသည်။

ကော်စေးခံခွက် ပြုလုပ်ပုံအဆင့်ဆင့်မှာ ရွှံ့စေးမြေကို တစ်နေ့ရေစိမ်ပြီး နှပ်ထားရသည်။ နှပ်ထားသည့် ရွှံ့စေးမြေကို လှည့်စက်ပေါ်တွင်တင်ပြီး ကော်စေးခံခွက်ကို လှည့်ရပါသည်။ လှည့်ပြီးကော်စေးခံခွက်များကို ပျဉ်ပြား ပေါ်မှာ စီတန်းပြီး တစ်နေ့ နေလှန်းရကြောင်း သိရသည်။

နေလှန်းပြီး ခွက်များကို ချော်ရည်သုတ် လိမ်းရပါသည်။ ချော်ရည် သုတ်လိမ်းပြီး ခွက်များကို ဖိုတွင်နှစ်ရက်ကြာ ထည့်စီရပါသည်။ ဖိုစီပြီး နောက်နေ့တွင် ဖိုပိတ်ပြီး နှစ်ရက်ကြာ မီးထည့်ပြီး ကျပ်ပေးရသည်။ မီးကျပ် နှစ်ရက်ပေးပြီး မီးပြင်းတစ်နေ့တိုက်ပေးရသည်။ မီးပြင်းတိုက်ပြီး သုံးရက် ကြာမှ အအေးခံရပြီးမှ ဖိုအပြင်သို့ ထုတ်၍ရသည်။ ဖိုပြင်သို့ ထုတ်ထားသော ကော်စေးခံခွက်များကို တစ်ခွက်ချင်းချောပြီး ကြည့်၍ ကောင်းအောင် တန်းစီ ထားရပါသည်။ ထိုခွက်များကို အနယ်နယ် အရပ်ရပ်မှ လာရောက်ဝယ်ယူ ကြကြောင်း မိဘကျေးဇူးစဉ့်အိုးဆိုင်ပိုင်ရှင် ဒေါ်ခင်လှ၏ သမီးက အသေးစိတ် ရှင်းပြပြီး လုပ်ငန်းခွင်သို့ လှည့်လည်ပြသပါသည်။

ထို့ကြောင့် မွန်ပြည်နယ် သထုံမြို့နယ် တံတားဦးကျေးရွာမှ မိဘကျေးဇူး စဉ့်အိုးဆိုင်၏ စဉ့်အိုးပြုလုပ်ပုံ အဆင့်ဆင့်မှာ စိတ်ဝင်စားစရာကောင်းသည့် အိမ်တွင်းလက်မှုလုပ်ငန်းတစ်ခုဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် ကွင်းဆင်း လေ့လာရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ကော်စေးခံခွက် ပြုလုပ်နေသည်ကို ဤသို့ တွေ့ရသည်။



စဉ့်ခွက်များ

ရော်ဘာအစေးခံခွက်တွင် အသုံးများသော စဉ့်ခွက် များအား ဤသို့ အစီ အရီ တွေ့ရသည်။

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ဒွန်မောင်းလေဆိပ်ကြီး ပြန်လည်ဖွင့်လှစ်

ဗန်ကောက် မတ် ၂၆

ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်သစ်ကြီးတွင် ခရီးသည်ဝင်ရောက်သွားလာမှုများပြားနေမှုကို ဖြေရှင်းရန်နှင့် ပြန်လည်ပြုပြင်ရန်အတွက် လေဆိပ်ဟောင်းဖြစ်သည့် ဒွန်မောင်းလေဆိပ်ကြီးကို မတ်၂၅ရက်က ပြန်လည်ဖွင့်လှစ်လိုက်သည်။

ပိတ်ခဲ့

ဒွန်မောင်းလေဆိပ်ကို လွန်ခဲ့သော ခြောက်လက ပိတ်ပစ်ခဲ့သည်။ ၎င်းလေဆိပ်ကြီးမှ ပြည်တွင်းလေကြောင်း ပျံသန်းမှု လေယာဉ် ၁၄၀ကို နေ့စဉ်ကိုင်တွယ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သက်တမ်း

ဗန်ကောက်ရှိ သုဝဏ္ဏဘူမိလေဆိပ်ကြီးကို ထိုင်းအစိုးရက ဒေသ၏ အချက်အချာအဖြစ် ပြသနိုင်ရန်အတွက် ဒေါ်လာလေးဘီလီယံ အကုန်အကျခံ၍ တည်ဆောက်ပေးခဲ့သည်။

ကုန်ကျခဲ့

ယင်းလေဆိပ်ကြီးသည် စက်တင်ဘာလက ဖွင့်လှစ်ပြီးချိန်မှစ၍ လေယာဉ်ပြေးလမ်းကြောင်းအပါအဝင် ပြဿနာများရှိနေ၍ ပြန်လည်ပြုပြင်သွားမည်ဟုဆိုသည်။ သို့သော်လည်း နိုင်ငံတကာ လေကြောင်းပျံသန်းမှုများကို သုဝဏ္ဏဘူမိလေဆိပ်ကြီး၌ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ဒွန်မောင်းလေဆိပ်ကြီးသည် ယခုအခါ သက်တမ်း ၉၃နှစ် ရှိပြီဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

---

(၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲ ဖွင့်လှစ်ပြသ ရဟန်းရှင်လူ ပြည်သူ ကျောင်းသားကျောင်းသူများကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၂၆

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲကို ယနေ့နံနက်၉နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်၌ ပြသရာ ရဟန်း ရှင်လူ ပြည်သူ၊ ကျောင်းသား ကျောင်းသူများစုစုပေါင်း ၇၁၂ဦး လာရောက် ကြည့်ရှုလေ့လာကြသည်။ **(အောက်ပုံ)**

ဝေဝေဆာဆာ

(၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲတွင် ဝန်ကြီးဌာန ပြခန်းများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)ပြခန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)ပြခန်း၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်ရုံးပြခန်း၊ ကာကွယ်ရေးဝန်ကြီး ဌာန ညွှန်ကြားရေးမှူးရုံးပြခန်းများ၊ တိုင်းစစ်ဌာနချုပ်ပြခန်းများ၊ နိုင်ငံတော် ဦးတည်ချက် (၁၂)ရပ်ပြခန်း၊ ဝန်ကြီး ဌာန အသီးသီး၏ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြု လုပ်ငန်းများပြခန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီပြခန်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပြခန်း၊ စစ်သမိုင်းပြတိုက်နှင့် တပ်မတော် မော်ကွန်းတိုက်မှူးရုံး၏ တပ်မတော် သမိုင်းပြခန်း စသည်တို့ကို ဓာတ်ပုံ၊ ပန်းချီ၊ ရုပ်ပုံကားချပ်များဖြင့် ဝေဝေဆာဆာ ခင်းကျင်းပြသထားသည်။

လေ့လာနိုင်

အဆိုပါပြပွဲကို ယနေ့မှဧပြီ၄ရက် အထိ နံနက် ၉နာရီမှ ညနေ၅ နာရီ အထိ ပြသသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင် သည်။ **(သတင်းစဉ်)**

အောင်တော်မူ စေတီ ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် မတ် ၂၆

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းအရှေ့ရပ်ကွက် မြို့ပတ်လမ်းတွင် တည်ထားကိုးကွယ်တော်မူသော အောင်တော်မူစေတီဘုရား၏ (၃၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။ မတ် ၃၀ရက်ညနေ ၃နာရီတွင် ဆွမ်းတော်ကြီးပွဲများ ပေးပို့ခြင်း၊ မတ် ၃၁ရက်(စနေနေ့) နံနက် ၅နာရီတွင် ဩဝါဒါစရိယ ဆရာတော်ကြီးများအားဆွမ်းဆက်ကပ်၍ တရားနာယူခြင်း၊ ဧပြီ ၁ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် သံဃာတော်အပါး ၅၀အား ဆွမ်းဆန်စိမ်း၊ လှူဖွယ်ဝတ္ထုများ လောင်းလှူခြင်းနှင့် မတ်၃၁ရက်နှင့် ဧပြီ ၁ရက် နေ့ညပိုင်းတွင် အငြိမ့်ပွဲများဖြင့် ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကင်ဆာရောဂါအကြောင်း ဆေးပညာဟောပြော
ဆေးကုသမှုခံယူနေရသော လူနာများအတွက် ငွေလှူဒါန်း

ရန်ကုန် မတ် ၂၆

ရန်ကုန်မြို့ရှိ ဗန်ကောက်ဆေးရုံကြီး ဆေးကုသမှုဗဟို(မြန်မာနိုင်ငံရုံးခွဲ)က ကြီးမှူးကျင်းပသည့် “ကင်ဆာရောဂါဗေဒ၏ နောက်ဆုံးပေါ် ဆေးပညာတိုးတက်မှုများ”ခေါင်းစဉ်ဖြင့် ဆေးပညာဟောပြောပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ဟောပြောဆွေးနွေး

အခမ်းအနားတွင် သဘာပတိအဖြစ် ပါမောက္ခ ဒေါက်တာစောနိုင်က ဆောင်ရွက်ပြီး ရန်ကုန် ပြည်သူ့ဆေးရုံကြီး ကင်ဆာဆေးပညာဌာန ဌာနမှူး အထူးကုသမားတော်ကြီးတွဲဖက်ပါမောက္ခ ဒေါက်တာ စိုးအောင်က “မြန်မာနိုင်ငံအတွင်း ကင်ဆာရောဂါကို ရင်ဆိုင်ကျော်လွှား တိုက်ဖျက်ရေး” ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဗန်ကောက်ဆေးရုံကြီး ဆေးကုသမှုဗဟို ဗန်ကောက်ကင်ဆာဆေးရုံမှ Dr. Prasert Lertsangua-nsinchai က “ကင်ဆာရောဂါရှာဖွေဖော်ထုတ်ရေးနှင့် ကုထုံးဆိုင်ရာ နောက်ဆုံး တီထွင်ကြံဆမှုများ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Dr. Surachai Sitawarin က “ယနေ့ခေတ်သစ် ဆေးပညာ၏ နောက်ဆုံးပေါ်ကင်ဆာကုထုံးများ”အမည်ဖြင့် လည်းကောင်း အသီးသီး ဟောပြောဆွေးနွေးကြသည်။

ဆက်လက်၍ ဟောပြောပွဲသို့ တက်ရောက်လာကြသော ဆရာဝန်များ၊ ဧည့်သည်တော်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ရန်ကုန်မြို့ရှိ ဗန်ကောက်ဆေးရုံကြီး ဆေးကုသမှုဗဟို (မြန်မာနိုင်ငံရုံးခွဲ)က ကင်ဆာဆေးပညာဌာနနှင့် ကင်ဆာဓာတ်ရောင်ခြည်ကုသဌာနတွင် တက်ရောက် ကုသမှုခံယူနေကြသော လူနာများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယင်းနောက်ဗန်ကောက်ဆေးရုံကြီး ဆေးကုသမှုဗဟို (မြန်မာနိုင်ငံရုံးခွဲ)က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကင်ဆာဆေးပညာဌာနနှင့် ကင်ဆာဓာတ်ရောင်ခြည်ကုသဌာန အသီးသီးတွင် တက်ရောက်ကုသမှုခံယူနေကြသော လူနာများအတွက် ဌာနတစ်ခုလျှင် ငွေကျပ် ငါးသိန်းစီဖြင့် စုစုပေါင်း ငွေကျပ် ၁၀သိန်းကို လှူဒါန်းသည်။

ဆက်လက်၍ ကင်ဆာရောဂါအကြောင်း ဟောပြောပွဲ ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ကင်ဆာဆေးပညာဌာန ဌာနမှူး တွဲဖက်ပါမောက္ခ ဒေါက်တာ စိုးအောင်က ဆောင်ရွက်ပြီး ထိုင်းနိုင်ငံ ဗန်ကောက်ဆေးရုံကြီး ဆေးကုသမှုဗဟိုကင်ဆာဆေးရုံမှDr. Prasertနှင့်Dr. Surachai တို့က ကင်ဆာရောဂါ အကြောင်း သိကောင်းစရာများကို ဗီဒီယို ရောင်စုံဆလိုက်များဖြင့် ရှင်းလင်းဟောပြောကြကြောင်းသိရသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ကေဝယ်ယူရန်နှင့်သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဗဟန်းမြို့နယ် ရန်ကုန်မြို့ အမှတ် (၁၀) သီရိဂုဏ်ရည်ခြံ ဆရာစံမြောက်/အနောက် ရပ်ကွက်နေ သီဟသုဓမ္မ မဏိဇောတဓရဆင်မင်း ဦးတင်ရွှေ – ဒေါ်ကြည်ကြည် (ဆင်မင်းဆပ်ပြာစက်)သားသမီး၊မြေးတစ်စုတို့က အလှူငွေကျပ် ၂၅ သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း ဘဒ္ဒန္တဉာဏိန္ဒ(ဗုဒ္ဓဂယာဆရာတော်) အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဗုဒ္ဓဂယာမြန်မာကျောင်း ပဓာနနာယကဆရာတော် အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကခ–ပ)

(၆၂)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု
အလယ်ကုန်းရွာ–ဥယျာဉ်ကြီးရွာလမ်း ဂဝံလမ်းသစ်ဖွင့်

ရန်ကုန် မတ် ၂၆

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့်ကြို့ပင်ကောက်မြို့နယ် ကျွန်းနက်ကုန်းအုပ်စု အလယ်ကုန်းရွာမှ ဥယျာဉ်ကြီးရွာ လမ်းအား ဂဝံလမ်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ရက် နံနက်၈နာရီက အဆိုပါလမ်းရှိ မုခ်ဦး၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးလှသိန်းနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးစိုးထွန်းတို့က ဖဲကြိုးဖြတ်၍ ဂဝံလမ်းသစ်ကို ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ)

ရန်ပုံငွေ

အဆိုပါ ဂဝံလမ်းသစ်မှာ အရှည် ၂ ဒသမ ၆၅ မိုင်၊ အကျယ် ၁၀ ပေ ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၇၂သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

(၆၂)နှစ်မြောက် တပ်မတော်နေ့ပြပွဲ
တပ်မတော်စစ်သမိုင်းပြတိုက်
(ရွှေတိဂုံဘုရားလမ်း)
(၂၆–၃–၂၀၀၇ မှ ၄–၄–၂၀၀၇)

(မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ပါသည်။)

အိုလံပစ်အားကစားဂျာနယ်၏ ဘောလုံးပွဲတော်
ကန်တော်ကြီး ကရဝိက်ဥယျာဉ်မျှော်စင်ကျွန်းတွင် ကျင်းပ

ရန်ကုန် မတ် ၂၆

အိုလံပစ် အားကစားဂျာနယ်က စီစဉ်တင်ဆက်သည့် ဘောလုံးပွဲတော်ကို မတ် ၂၄ရက် နံနက် ၁၀နာရီမှ ည ၇နာရီအထိ ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်ဥယျာဉ်အတွင်းရှိ မျှော်စင်ကျွန်း၌ ကျင်းပရာ **(အောက်ယာပုံ)** ဘောလုံးအားကစားနှင့်ပတ်သက်သည့် ပျော်ရွှင်စရာကစားနည်းများ၊ဉာဏ်စွမ်းပဟေဠိများ၊ ကမ္ဘာကျော်ဘောလုံးသမားများနှင့် ရုပ်သွင်ပြင်တူညီမှုပြိုင်ဆိုင်ကြသည့် လူတူပြိုင်ပွဲများ၊ အသံအကျယ်ဆုံး အအော်ပြိုင်ပွဲများ၊ အကောင်းဆုံးအားကစား ဖက်ရှင်ပြိုင်ပွဲများ အစရှိသည့် ပြိုင်ပွဲများအပြင် လူငယ်များအတွက် ကျန်းမာရေး ပညာပေးဆိုင်ရာပြခန်းများ၊ HIV/AIDS နှင့် ပတ်သက်သော ပညာပေးပြခန်းများ ပါဝင်ပြသကြသည်။

ချီးမြှင့်ပေးအပ်

ထို့အပြင် ပွဲတော်အတွင်းသို့ လာရောက်ကြသော ပရိသတ်များကလည်း ပျော်ရွှင်စရာကစားနည်းများ၊ ပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်ကြကာ ဘောလုံးဂျာစီအင်္ကျီများ၊ ဘောလုံးများ၊ ဘောလုံးနှင့်ပတ်သက်သည့် အမှတ်တရပစ္စည်းများအပြင် ကုမ္ပဏီများကလည်း ဆုမဲများစွာ ချီးမြှင့်ပေးအပ်သည်။

သီဆိုဖျော်ဖြေ

ဖျော်ဖြေရေး အစီအစဉ်များအဖြစ် ဆရာစက္ကောမ၏ မျက်လှည့်ဖျော်ဖြေမှုနှင့် အိပ်မက်လှေ Dream Boat အဖွဲ့၏ ပရိသတ်များ ပါဝင်ကစားရသည့် ပျော်စရာကစားနည်းများအပြင် မျိုးကျော့မြိုင်၊ စည်သူလွင်၊ Rဇာနည်၊ ဘိုဖြူ၊ နန္ဒစိုင်း၊ ဖိုးကာ၊ ကောင်းဆက်၊ IMP အဖွဲ့၊ မောင်မောင်အေး၊ ကော်နီ၊ ဆုန်သင်းပါရ်၊ ရှင်ဖုန်း၊ သဇင်စသည့် အဆိုတော်များက The Trees တေးဂီတအဖွဲ့နှင့် သီဆိုဖျော်ဖြေကြသည်။

တွေ့ဆုံနှုတ်ဆက်

ထို့အပြင် မြန်မာ့ဂုဏ်ဆောင် အားကစားသမားများကလည်း ပါဝင်ကစားရင်း ပရိသတ်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ဘောလုံးပွဲတော်ကြီးကို UNICEF, UNAIDS, UNFPA စသည့် ကုလသမဂ္ဂ လူမှုရေးအဖွဲ့အစည်းများအပြင် Aus AID, Marie Stopes International, Save the Children, PSI စသည့်အဖွဲ့အစည်းများ၊Ginvera, Fashion, Procare အစရှိသည့် အလှကုန် ကုမ္ပဏီများ၊ Inza, Konidine, Betadine, Voltex, Pfizer Vitamex C အစရှိသည့် ဆေးဝါး ကုမ္ပဏီများ၊Grand Royal, Tiger, Ve Ve အချိုရည်၊ MA MAခေါက်ဆွဲ၊ YKKO ကြေးအိုး ကုမ္ပဏီများအပြင် UMT နာရီ၊ Super Power အင်ဂျင်ဝိုင်၊ Family Entertainment, CMP,IDEA Digital Inject Printing, Golden Spider လူကြီးမင်းကုမ္ပဏီများ နှင့် Cannon, KMD, Thames Silta လုမ္ဗိနီ၊မုံရွေး စာအုပ်တိုက်၊ မြန်မာတိုင်းမ် ဂျာနယ်၊ Happy World နှင့် City FMတို့က ဝိုင်းဝန်းကူညီပံ့ပိုးခဲ့ကြသည်။

(သတင်းစဉ်)

မူးယစ်ကင်းစင်
အလှဆင်

မဇ္ဈိမဂုဏ်ရည် ဆရာတော်
ပြည်ပသာသနာပြုခရီးစဉ်မှ ပြန်လည်ကြွရောက်တော်မူ

ရန်ကုန် မတ် ၂၆

ရန်ကုန်မြို့ သာကေတမြို့နယ် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာနနာယက သာသနတက္ကသီလ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တ ကောဝိဒ အရှင်မြတ်သည် မတ် ၁၄ ရက်တွင် စင်ကာပူနိုင်ငံ Golden Asia View Trading PTE Co., Ltd. Big. Bear Trading Co., Ltd. နှင့် မလေးရှားနိုင်ငံရှိ အောင်မြန်မာကုမ္ပဏီလီမိတက်တို့၏ ပင့်လျှောက်ချက်အရ ပြည်ပသာသနာပြု ဓမ္မခရီးစဉ်ကြွရောက်တော်မူပြီး မတ် ၂၄ရက်က မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သိရှိရသည်။**(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

အာဆင်နယ် နှင့် အာစင်ဝင်းဂါး

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် မတ် ၂၆

ကမ္ဘာကျော်ဘောလုံးအသင်းနည်းပြများအတွင်း ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်အတွေးအခေါ်နှင့် ဘောလုံးအသင်းအောင်မြင်မှုရရှိအောင် စွမ်းဆောင်နိုင်သည့် နည်းပြများတွင် အာစင်ဝင်းဂါး ထိပ်ဆုံးမှ ပါဝင်လျက်ရှိသည်။

၁၉၄၉ခုနှစ်အောက်တိုဘာ၂၂ရက်၌ ပြင်သစ်နိုင်ငံ စတရာစဘတ် မြို့တွင် မွေးဖွားခဲ့သော အာစင်ဝင်းဂါးသည် ယခင်ပြင်သစ်ကလပ်အသင်းတစ်သင်းဖြစ်သော စတရာစဘတ်၌ အသက်(၂၈)နှစ် အထိ ပါဝင်ကစားခဲ့သော ဘောလုံးသမား တစ်ဦးဖြစ်သည်။

အောင်မြင်မှုမရရှိခဲ့

သို့သော် အာစင်ဝင်းဂါးသည် အသက် (၃၂)နှစ်အရွယ်မှ စတင်ကာ စတရာစဘတ် ကလပ်၏ လူငယ်အသင်းတွင် နည်းပြအဖြစ် စတင်ဆောင်ရွက်ခဲ့သည်။ ထို့နောက် နန်စီကလပ် အသင်းနည်းပြအဖြစ် ပြောင်းရွှေ့တာဝန်ယူခဲ့သော်လည်း ၎င်း၏လက်ထက်၌ နန်စီအသင်းအောင်မြင်မှု မရရှိခဲ့ချေ။

၁၉၈၇ခုနှစ်တွင် မိုနာကို ကလပ်နည်းပြအဖြစ် ပြောင်းရွှေ့တာဝန်ယူခဲ့ပြီးနောက် မိုနာကိုအသင်းအား တစ်နှစ်အတွင်း ပြင်သစ်ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ချန်ပီယံဖလား ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ အာစင်ဝင်းဂါးလည်း တစ်နှစ်တာ အကောင်းဆုံးနည်းပြ ဆုရရှိခဲ့သလို ဘောလုံးကလပ်နည်းပြများ အကြားနာမည်ကျော်ကြားလာခဲ့သည်။

ထို့ကြောင့် အာစင်ဝင်းဂါးအား ဂျပန် ဂျေလိဂ်ကလပ် နာဂိုယာဂရင်းပက်စ်အသင်းက နည်းပြအဖြစ် ခေါ်ယူခဲ့သည်။ ဂျပန် ဂျေလိဂ်သို့ ရောက်ရှိလာသော အာစင်ဝင်းဂါးသည် နာဂိုယာအသင်းအား ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခဲ့သည်။ ထိုနှစ်မှာပင် နာဂိုယာအသင်းအားဂျေလိဂ်တွင်တတိယအဆင့်ရောက်အောင် ပို့ဆောင်ပေးနိုင်ခဲ့သည်။

၁၉၉၆ခုနှစ်တွင်နာဂိုရာအသင်းအား ဂျပန်စူပါဖလားရရှိအောင် အာစင်ဝင်းဂါးစွမ်းဆောင်ပေးခဲ့သဖြင့် အာစင်ဝင်းဂါးအား အင်္ဂလန် ပရီမီယာလိဂ်ကလပ်များ မျက်စိကျလာခဲ့သည်။ ထို့နောက် ၁၉၉၇-၁၉၉၈ ဘောလုံးရာသီ၌ အာဆင်နယ်အသင်းသို့ နည်းပြအဖြစ် ရောက်ရှိလာခဲ့သည်။

ကြိုးစားခဲ့

အာစင်ဝင်းဂါးသည် အာဆင်နယ်အသင်းနှင့် သုံးနှစ်ခွဲစာချုပ် ချုပ်ဆိုခဲ့ပြီး နည်းပြတာဝန်ယူချိန်၌ အာဆင်နယ်အသင်းအား အချိန်ယူကာပြင်ဆင်ခဲ့ရသည်။ အာဆင်နယ်ရှိ ကစားသမားတစ်ဦးချင်းစီ၏အရည်အချင်း၊စိတ်ဓာတ်၊ အလေ့အကျင့်တို့ကို သေချာစွာ လေ့လာပြီး အာဆင်နယ်အသင်းကို အကောင်းဆုံး အနေအထားဖြစ်အောင် ကြိုးစားခဲ့သည်။ ထိုနှစ်၌ပင် အာဆင်နယ်တို့ ပရီမီယာလိဂ်ဖလားနှင့်အက်ဖ်အေဖလား ရရှိခဲ့သည်။

အာစင်ဝင်းဂါးအနေဖြင့် အသင်းကို စနစ်တကျပြင်ဆင်ပြီး အသင်းနှင့်လိုက်လျောညီထွေရှိသည့် နည်းဗျူဟာများဖြင့် ကစားခိုင်းခဲ့မှုကြောင့် ၂၀၀၁-၂၀၀၂ ဘောလုံးရာသီ၌ အာဆင်နယ်တို့ ပရီမီယာလိဂ်ဖလားနှင့် အက်ဖ်အေဖလား ရရှိခဲ့ပြန်သည်။ ထို့အတူ ၂၀၀၂-၂၀၀၃ ဘောလုံးရာသီ၌ အာစင်ဝင်းဂါး၏ အာဆင်နယ်အသင်း ပရီမီယာလိဂ်၌မူ ဒုတိယနေရာဖြင့် ကျေနပ်ခဲ့ရသော်လည်း ၂၀၀၃-၂၀၀၄ ဘောလုံးရာသီ၌မူ ပရီမီယာလိဂ်ဖလားကို ရရှိအောင် ပြန်လည် ကြိုးစားပေးနိုင်ခဲ့သည်။ ထို့အပြင်အာဆင်နယ်အသင်းအား အက်ဖ်အေဖလားရရှိအောင်လည်း ကြိုးစားပေးခဲ့သည်။ အာစင်ဝင်းဂါးသည် အသင်းရှိ ဘောလုံးသမားများအားသူလိုချင်သောဗျူဟာအတိုင်းကစားခိုင်းရာတွင် အံဝင်ခွင်ကျဖြစ်အောင် စီမံတတ်ခြင်း၊ အချိန်ကိုက်လူစားထိုးခြင်းနှင့် လူသစ်လေးများအား ရဲရဲဝံ့ဝံ့ ထုတ်သုံးခြင်းတို့ကြောင့် အာဆင်နယ်အသင်း၏ ခြေစွမ်းမှာ ဆိုးဆိုးရွားရွား ကျဆင်းသွားမှု မရှိချေ။

အဆင်သင့်ဖြစ်နေ

လောလောဆယ်အချိန်တွင် ပရီမီယာလိဂ်၌ ၂၉ပွဲ ကစားပြီးချိန်တွင် ၁၆ပွဲနိုင်၊ ခြောက်ပွဲရှုံး၊ ခုနစ်ပွဲသရေဖြင့် တန်းစီဇယား၏ တတိယအဆင့်၌ ရှိနေသည်။ ယခုနှစ်၌ အာဆင်နယ်တို့ ပရီမီယာလိဂ်ဖလားမရနိုင်သော်လည်း အာစင်ဝင်းဂါး၏ အမြော်အမြင်ကြီးမှုကြောင့် လူငယ်ဘောလုံးသမားလေးများက နောက်နှစ်၌ ဆုဖလားများရယူနိုင်ရန် အဆင်သင့်ဖြစ်နေပြီ ဖြစ်သည်။

အာဆင်နယ်တွင် အဓိကဘောလုံးသမားများထိခိုက်ဒဏ်ရာရရှိနေချိန်တွင် လူငယ်ဘောလုံးသမားလေးများကို စနစ်တကျ ထည့်သွင်းကစားစေ သောကြောင့် အာဆင်နယ်၏ ရောင်ခြည်သည် လာမည့်နှစ်များ၌ ထွန်းလင်းတောက်ပလာမည်မှာ သေချာနေသည်။ လက်ရှိ၌ အာဆင်နယ်တွင် ဝေါကော့ဒ်၊ ဖာဘရီဂတ်စ်နှင့် အီမြူရယ် အီဘူးတို့ ခြေစွမ်းပြနေအောင်လည်းအာစင်ဝင်းဂါးက အရောင်တင်ပေးလျက် ရှိနေသည်။

ထို့ကြောင့် အာဆင်နယ်အတွက် ပရီမီယာလိဂ် ဖလားသုံးလုံး၊ အက်ဖ်အေဖလားလေးလုံး ရယူပေးထားပြီးဖြစ်သော နည်းပြအာစင်ဝင်းဂါးမှာ အာဆင်နယ် အသင်း၏ဂုဏ်ကို ထွန်းပြောင်စေခဲ့သူ ဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

အာဆင်နယ်ကို အောင်မြင်မှုရရန် ကြိုးစားပေးနေသည့် နည်းပြ အာစင်ဝင်းဂါး။
(ဓာတ်ပုံ-အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

❋ ဘာစီလိုနာကစားသမား ရော်နယ်ဒင်ဟိုသည် မတ်၂၄ရက်က ဘာရာဇီးအသင်းနှင့် ချီလီအသင်းတို့ ချစ်ကြည်ရေးပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့စဉ် ဘာရာဇီးက ချီလီအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ရာတွင် ရော်နယ်ဒင်ဟိုအနေဖြင့်နှစ်နှစ်နီးပါးအကြာ ပထမဆုံးအကြိမ် နိုင်ငံတကာ ပွဲဂိုးကိုသွင်းယူ ပေးနိုင်ခဲ့သည်။

❋ **ဘော်လ်တန်တိုက်စစ်မှူး အနယ်ကာသည် ယူရို ၂၀၀၈ ခြေစစ်ပွဲအဖြစ် ပြင်သစ်အသင်းက လစ်သူယေးနီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိရာတွင် အနိုင်ဂိုးသွင်းပေးလိုက်နိုင်၍ သုံးနှစ်ကျော် နိုင်ငံ့လက်ရွေးစင် အသင်းမှ ဘေးဖယ်ထားရာက ပြန်လည်ပါဝင်ကစားနိုင်ရေး အခွင့်အလမ်းတစ်ရပ် ရရှိသွားသည်။**

❋ အင်္ဂလန်အသင်းသည် ယူရိုခြေစစ်ပွဲတွင် အစ္စရေးအသင်းကို ဂိုးမရှိ သရေကျခဲ့၍ ယုံကြည်မှုနည်းလာပြီဖြစ်ကြောင်း အင်္ဂလန်ကွင်းလယ်ကစားသမားလမ်းပတ်က ပြောကြားလိုက်သည်။

❋ **ဝေးလအသင်းမန်နေဂျာ ဂျွန်ဘိုစနက်သည် ယူရိုခြေစစ်ပွဲတွင် ဝေလအသင်းက အိုင်ယာလန်ကို ရှုံးနိမ့်ခဲ့သော်လည်း ၎င်း၏ ရာထူးကို ထိခိုက်စေလိမ့်မည် မဟုတ်ကြောင်း ဝေလဘောလုံးအသင်းက ပြောကြားသည်။**

❋ မြောက်အိုင်ယာလန်အသင်း တိုက်စစ်မှူး ဒေးဗစ်ဟေးလီသည် ယူရို ၂၀၀၈ ခြေစစ်ပွဲတွင် မြောက်အိုင်ယာလန်က လက်ချင်စတိန်းအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိရာ၌ ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့၍ မြောက်အိုင်ယာလန်တိုက်စစ်မှူးများတွင်ဟက်ထရစ်ဂိုး နှစ်ကြိမ်သွင်းယူနိုင်ခဲ့သည့် ပထမဆုံးတိုက်စစ်မှူး ဖြစ်လာသည်။

❋ **ဖီဖာက ဘောလုံးကစားခွင့်ငါးလ ပိတ်ထားခြင်းခံရသော ကင်ညာဘောလုံးအသင်း၏ ပထမဆုံး ဘောလုံးပွဲအဖြစ် အာဖရိကဖလား ခြေစစ်ပွဲကို ဆွာဇီလန်အသင်းနှင့် မတ်၂၅ရက်က ကစားရာ ကင်ညာအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။**

❋ မီရာမီမြို့တွင် ကျင်းပလျက်ရှိ သော ဆိုနီအီရစ်ဆင်အိုးပင်းအမျိုးသမီးတင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်ပတ်လည်ပွဲတွင် ရှာရာပိုဗာက ဗီးနပ်ဝီလီယမ်ကို ၂-၆၊ ၆-၂၊ ၇-၅ ဖြင့် အနိုင်ရရှိခဲ့သည်။

❋ **၂၀၀၆ခုနှစ်၏ ဩစတြေးလျ အိုးပင်းနှင့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတို့၌ ဗိုလ်စွဲခဲ့သော အမီလီမောရက်စ်မိုအား တစ်နှစ်တာ အကောင်းဆုံးဆု အားကစားသမားဆု ချီးမြှင့်လိုက်ကြောင်း ကမ္ဘာ့တင်းနစ်အဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။** (အင်တာနက်)

တောင့်တင်းခိုင်မာသော ပေါ်တူဂီအသင်းဖြစ်ကြောင်း မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုပြောကြား

လန်ဒန် မတ် ၂၆

မန်ချက်စတာယူနိုက်တက်တောင်ပံကစားသမား စီရိုနယ်ဒိုသည် ယူရိုခြေစစ်ပွဲတွင် ပေါ်တူဂီအသင်းက ဘယ်လ်လီဂျီယံ အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်ရာ၌ နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့၍ ပေါ်တူဂီအသင်းသည် တောင့်တင်းခိုင်မာသောအသင်းဖြစ်ကြောင်း ၎င်းက ချီးကျူး စကားဆိုလိုက်သည်။

ပေါ်တူဂီလက်ရွေးစင် မန်ယူ တောင်ပံကစားသမား စီရိုနယ်ဒို။
(ဓာတ်ပုံ-အင်တာနက်)

သွင်းယူထား

မိမိသည် ပထမပိုင်းတွင် ဂိုးသွင်းခွင့်များစွာကိုဖန်တီးပေးထားခဲ့ကြောင်း၊ သို့ရာတွင်ဒုတိယပိုင်းတွင် ပို၍ဖန်တီးပေးနိုင်ကြောင်း ယခုနှစ်ရာသီတွင် ၂၂ဂိုးသွင်းယူထားသည့် စီရိုနယ်ဒိုက ပြောကြားသည်။

မိမိတို့သည် ဒုတိယပိုင်းတွင် ပိုမိုခြေစွမ်းပြကစားနိုင်ပြီး ပေါ်တူဂီအသင်း၏ တောင့်တင်းခိုင်မာမှုကို ပြသနိုင်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

ဆွတ်ခူးရရှိ

ထို့သို့ ခြေစွမ်းပြဂိုးများ သွင်းယူပေးနိုင်ခဲ့သဖြင့် စီရိုနယ်ဒိုသည် ပေါ်တူဂီအကောင်းဆုံးဘောလုံးသမားဆုများ ရာသီအကုန်တွင် ဆွတ်ခူးရရှိနိုင်ကြောင်း ပေါ်တူဂီအသင်းမှ တာဝန်ရှိသူများက ပြောကြားသည်။

ဦးဆောင်

ပေါ်တူဂီအသင်းသည် ယူရို ၂၀၀၈ ခြေစွမ်းပွဲအုပ်စု(က)တွင် ၁၀မှတ်ဖြင့် တတိယနေရာမှလိုက်နေပြီး ပိုလန်က ၁၃မှတ်၊ ဖင်လန်က ၁၁မှတ်ဖြင့် ဦးဆောင်နေသည်။ **(အင်တာနက်)**

စုစည်းတင်ပြသူ
မြင့်မောင်စိုး

ရှရင်ဂမ်အား ဆစ်ဒနီကလပ်က မခေါ်တော့ဟုဆို

လန်ဒန် မတ် ၂၆

ဝက်စ်ဟမ်းတိုက်စစ်မှူး တက်ဒီ ရှရင်ဂမ်အား ဩစတြေးလျ ကလပ် ဆစ်ဒနီအက်ဖ်စီက ခေါ်ယူရန် စိတ်ဝင်စားမှု မရှိတော့ကြောင်း၊ အကြောင်းမှာ အသက်အရွယ်ရလာ၍ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ရှရင်ဂမ်သည်ဧပြီ၂ရက်တွင်အသက် (၄၁)နှစ် ပြည့်မြောက်တော့မည်ဖြစ်သည်။ အသက်အရွယ်ရလာပြီဖြစ်၍ ပုံမှန်အသင်းတွင် ကစားနိုင်ရန် သံသယဖြစ်မိကြောင်း အက်ဖ်စီ အမှုဆောင်အရာရှိ ဂျော့ပါရီက ပြောကြားသည်။

မိမိတို့ ဆစ်ဒနီအက်ဖ်စီအသင်း အနေဖြင့် ပရီမီယာလိဂ်နှင့် ဥရောပကလပ်များမှ ကစားသမားခြောက်ဦးအား ခေါ်ယူသွားရန် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ဆန်းဒါးလန်းမှဒွိုက်ယောက်ကိုလည်း ခေါ်ယူသွားရန် စဉ်းစားနေကြောင်း ၎င်းက ပြောကြားသည်။

(အင်တာနက်)

အာဆင်နယ်၏ ရှုံးနိမ့်မှုများ ဖာဘရီဂတ်စ် စိတ်ပျက်စွာညည်းတွား



အာဆင်နယ် ကွင်းလယ် ကစားသမား ဖာဘရီဂတ်စ်။
(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် မတ် ၂၆

အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဖလားတစ်လုံးတောင် ရအောင်မယူနိုင်သည့် အသင်းဖြစ်ကြောင်း အာဆင်နယ် အသင်းအား ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်က နာမည်ဆိုးတပ်လိုက်သည်။

အဓိပ္ပာယ်မဲ့နေ

အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်တွင် မန်ယူနောက်မှ အမှတ် ၂၀ကွာ၍ လိုက်နေရပြီး မကြာသေးမီက ချန်ပီယံလိဂ်နှင့် အက်ဖ်အေဖလား ပြိုင်ပွဲများမှလည်း ထွက်ခဲ့ရပြီဖြစ်ကြောင်း၊ မိမိတို့သည် ကားလင်းဖလား ဗိုလ်လုပွဲတွင် ချယ်လ်ဆီးအသင်း၏ ထိုးနှက်အနိုင်ယူခြင်းကိုလည်း ခံခဲ့ရပြီဖြစ်ကြောင်း၊ ယခုနှစ်ရာသီတွင် အာဆင်နယ်အသင်းသည် အဓိပ္ပာယ်မဲ့နေကြောင်း ဖာဘရီဂတ်စ်က ပြောကြားသည်။

စိတ်ပျက်မိ

မန်ယူနောက်မှ အမှတ်အများကြီး ကွာနေခြင်းမှာ အခြေအနေကောင်းလာဖို့အကြောင်း မရှိတော့ကြောင်း၊ ယမန်နှစ်က ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ ရောက်အောင် ကစားနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ပြိုင်ပွဲမှထွက်ခဲ့ရ၍ စိတ်ပျက်မိကြောင်း ၎င်းက ညည်းတွားပြောကြားသည်။ **(အင်တာနက်)**

မင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ ဘောဂသုခလမ်း၊ အမှတ် ၁၀ နေ
ဦးတင်မွေး (ဦးစီးအရာရှိ၊ ငြိမ်း၊ မွေး/ကုဦးစီးဌာန)-ဒေါ်လှမြင့်တို့၏သား

မောင်မျိုးသူ Dip. in Business Management, A.G.T.I(M.P), B.Sc (Maths)

ဒုတိယမြို့နယ်ဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒိုက်ဦးမြို့

နှင့်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အမှတ် ၇၄၃ နေ
ဦးတင်ဝင်း-ဒေါ်အုန်းသန်းတို့၏တစ်ဦးတည်းသောသမီး

မတင်နွယ်ဦး B.Sc (Physics)

တို့၏ ၃၀-၁-၂၀၀၇ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော အင်းစိန်မြို့နယ်တရားရုံး တွဲဖက်တရားသူကြီး ဒေါ်ဘေဘီအားလည်းကောင်း၊ ၂၅-၃-၂၀၀၇ရက် (တနင်္ဂနွေနေ့)တွင် Yuzana Garden Hotel ၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးလူဇော်နှင့် ဇနီးဒေါ်ဆွေဆွေတင့်၊ မင်္ဂလာလက်ထပ် စိန်လက်စွပ်ဆင်မြန်းပေးပါသော အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့်ဇနီး ဒေါ်ခင်အုံးမြ၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်တေး သီဆိုပေးသော တေးသံရှင်ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော The Aces တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော သရုပ်ဆောင် ပုလဲဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်စိန်လက်စွပ်ဗန်းများ ကိုင်ဆောင်ပေးကြသော မနွယ်နီလှိုင်နှင့် မလဲ့လဲ့ဝင်း၊ သတို့သားအရံ မောင်အေးမင်းကြည်နှင့် မောင်အောင်စည်သူဖြိုး၊ သတို့သမီးအရံ မဝါဝါအောင်နှင့် မနန်းရည်ဝင်း၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ် ခင်စန်းဝင်း၊ ဗီဒီယိုနှင့်ဓာတ်ပုံ စိုင်းဘုန်းထူးနှင့်အဖွဲ့၊ Yuzana Garden Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးသူ-မတင်နွယ်ဦး။

ကြေးပိဋကတ်တော်ပြုလုပ်ရန် အလှူငွေများလှူဒါန်း

ရန်ကုန် မတ် ၂၆

မြတ်ဗုဒ္ဓသာသနာတော်အဓွန့်ရှည်စွာ တည်တံ့အောင်ကြံဆောင်၍ ဘုရားဟောပိဋကတ်ကျမ်းစာတော်များကို ခေတ်မီသော ကွန်ပျူတာနည်းပညာရပ်တို့ဖြင့် ရွှေရောင်ကြေးပြားပေါ်တွင် အက္ခရာရေးထွင်းလျက် ကြေးပိဋကတ် တော်တစ်ဆူ ပြုလုပ်လှူဒါန်းလျက်ရှိသည်။ ယခုအခါ အဘိဓမ္မာပိဋကတ်ဝင် ကျမ်းစာအုပ်များအတွက် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးရုံ(က) ဒိုင်အမှတ် ၆ ဒေါ်ကြွေ(ခ)ဒေါ်လှမြင့် ပြည့်စုံမိသားစုက အကျိုးဆောင်နိုးဆော်ပေး၍ ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ မဟာဂန္ထဝါစက ပဏ္ဍိတ)အရှင်မြတ်ထံသို့ လာရောက် လှူဒါန်းကြသော အလှူရှင်များမှာ ဒေါ်ကြွေ(ခ)ဒေါ်လှမြင့် ပြည့်စုံမိသားစု ရုံ(က) ဒိုင်အမှတ် ၆ ကြည့်မြင်တိုင်က ၁၃ ချပ် ကျပ် ၂၆၀၀၀၀၊ ဦးမြမောင်-ဒေါ်စိန်စိန်မိသားစု ကြည့်မြင်တိုင်၊ ဦးလှရီ-ဒေါ်သန်းလှ(ကဝက်ကင်းရွာ) မိသားစု ကြည့်မြင်တိုင်၊ ကွယ်လွန်သူ မိခင် ဒေါ်ခင်လေးမြင့် သားမောင်သက်နိုင်ဦးအတွက် ကျန်ရစ်သူမိသားစု ကြည့်မြင်တိုင်၊ ဦးသန်းလွင်-ဒေါ်ကင်းမိသားစု ကြည့်မြင်တိုင်တို့က ကြေးပြားသုံးချပ်စီ(ကျပ်၆၀၀၀၀စီ)၊ ဦးသန်းဝင်း-ဒေါ်ခင်မာ မိသားစုကောင်းမှု ကြည့်မြင်တိုင်၊ ဦးကျော်ငြိမ်း-ဒေါ်ခင်လှိုင် သမီးမယဉ်ယဉ်လှိုင် မိသားစု ကြည့်မြင်တိုင်၊ နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးနိုင်မင်း-ဒေါ်ခင်နီလာဋ္ဌေး မိသားစု ကြည့်မြင်တိုင်၊ ဦးလှဖေ-ဒေါ်အမာ သားသမီးတစ်စု မန္တလေးမြို့၊ ဒေါ်မြင့်မိသားစု ကြည့်မြင်တိုင်တို့က ကြေးပြားနှစ်ချပ်စီ (ကျပ် ၄၀၀၀၀ စီ)၊ ဘိုးဘွားမိဘများအားအမှူးထား၍ ဒေါ်ကြည်၊ ဒေါ်ခင်ရီ၊ မခန့်လေးသွယ်မိသားစု ကြည့်မြင်တိုင်၊ ကိုသန်းငွေ၊ ကိုကျောက်စိမ်း၊ ကြည့်မြင်တိုင်၊ ဦးတင်အုန်း-ဒေါ်ဆန်းဝင်း သားမောင်အောင်ဇော်မိုး၊ သမီးမစုမြတ်မွန် မိသားစု ကြည့်မြင်တိုင်၊ ဦးမြင့်သန်း-ဒေါ်ခင်စန်းမြင့် မိသားစု အလုံ၊ မိဘများအားအမှူးထား၍ ကိုကျော်လွင်-မမြင့်မြင့်စန်း သမီး မစုစု၊ မဖြိုးဖြိုး မိသားစု ကြည့်မြင်တိုင်၊ ကိုဖိုးချို-မပပ သားမောင်ကောင်းထက်အောင်မိသားစု ကမာရွတ်၊ ဦးတင်စိုး-ဒေါ်အေးအေးမြတ် သားသမီးတစ်စု ကြည့်မြင်တိုင်၊ ဦးသိန်းထွန်း-ဒေါ်တင်တင်မြင့် မိသားစု ကြည့်မြင်တိုင်၊ ဦးကျော်ထွန်း-ဒေါ်မြင့်မြင့်ဦးမိသားစု ကြည့်မြင်တိုင်၊ ဦးသန်းစိုးမိသားစု ကြည့်မြင်တိုင်၊ ဦးမြမောင်-ဒေါ်လှအေး မိသားစု ကြည့်မြင်တိုင်၊ ဦးအေးဝင်း၊ ကိုအုန်းသွင်၊ ကြည့်မြင်တိုင်၊ ကိုရဲမြင့်-မသီတာ၊ ကြည့်မြင်တိုင်၊ ဦးကျော်ဝင်း-ဒေါ်ချိုမိသားစု ကြည့်မြင်တိုင်တို့က ကြေးပြားတစ်ချပ်စီ (ကျပ်၂၀၀၀၀စီ) လာရောက်လှူဒါန်းခဲ့ကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ် ၂၅၀၀၀ဖြင့် မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ်(ရေခဲဆိုင်မှတ်တိုင်အနီး ရွှေကောင်းဟော့ပေါ့နှင့် မျက်နှာချင်းဆိုင်) ဖုန်း-၅၄၈၈၀၅၊ ၀၉-၅၁-၈၅၂၀၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အလက(၁)တာမွေ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၂၆

ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ် (၁)အခြေခံပညာအလယ်တန်းကျောင်း၌ ၁၉၅၈ခုနှစ်မှ ၂၀၀၇ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများအား ထိုနှစ်များတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ကျောင်းခန်းမ၌ မတ် ၂၅ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အလှူငွေပေးအပ်

ယင်းအခမ်းအနား၌ ၂၀၀၈ ခုနှစ် ဇန်နဝါရီတွင် ကျရောက်မည့် ကျောင်း၏ နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနား စည်ကားစွာ ကျင်းပနိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲကို ဆက်လက် ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်းများက မတည်လှူဒါန်းငွေကျပ်နှစ်သိန်းကို ကျောင်းသားဟောင်းတစ်ဦးက ပေးအပ်ရာ အခမ်းအနားကျင်းပရေး ကော်မတီကိုယ်စား အငြိမ်းစား ဆရာကြီး ဦးဝင်းကြည်က လက်ခံသည်။ **(အောက်ပုံ)** ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ကျောင်းဖုန်း-၅၅၄၁၇၅ သို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၇-၃-၂၀၀၇ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၆:၀၀ ၁။ **(၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်**
၈:၂၀ ၂။ (၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၅ ၃။ International News
၉:၀၀ ၄။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သတ္တဗေဒ အထူးပြု) [သတ္တဗေဒ]
၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၆:၅၅ ၅။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရ တေးများ(၂၀၀၆ခုနှစ်)
၁၇:၀၅ ၆။ **"ချစ်သောမြေ ချစ်သောရေ"** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၇:၁၀ ၇။ (၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၇:၂၀ ၈။ ဆိုကြမယ်ပျော်ကြမယ်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈:၅၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သစ္စာ ဘဝပင်ခြားသော်လည်း"** (အပိုင်း-၇)
၁၉:၃၅ ၁၃။ (၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၄၅ ၁၄။ ပြည်သူ့အတွက် တပ်မတော် (ခေတ်အဆက်ဆက် မပျက်တာဝန်ကျေပွန်သည့် တပ်မတော်)
၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **"သားကောင်းမိခင်" (အပိုင်း-၁) လွင်မိုး၊ ဇင်ဝိုင်း၊ နေတိုး၊ စိုင်းစိုင်းခမ်းလှိုင်၊ ထွန်းထွန်း(Examplez)၊ စိုးမြတ်သူဇာ၊ မေသဥ္ဇာဦး၊ ပန်းဖြူ၊ သက်မွန်မြင့်၊ ပုလဲဝင်း (ဒါရိုက်တာ-ပန်းချီစိုးမိုး)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

ကျိုက်အင်းစေတီတော် ဗုဒ္ဓပူဇနီယပွဲကျင်းပမည်

ရန်ကုန် မတ် ၂၆

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကျိုက်အင်းကျေးရွာ ရှေးဟောင်းသမိုင်းဝင် ကျိုက်အင်းစေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲနှင့် ဗုဒ္ဓပူဇနီယပူဇော်ပွဲကို (၁၃၆၈ခုနှစ် တန်ခူးလဆန်း ၁၀ ရက်မှ ၁၄ ရက်) မတ်၂၇ ရက်မှ ၃၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပဋ္ဌာန်းအောင်ပွဲနှင့် ဗုဒ္ဓပူဇနီယဆွမ်းလောင်းလှူပွဲကို (၁၃၆၈ ခုနှစ် တန်ခူးလပြည့်)ဧပြီ ၁ ရက် နံနက် ၉ နာရီတွင် ကျိုက်အင်းစေတီတော်ရင်ပြင်ရှိ ဝိသိဋ္ဌာလင်္ကာရဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ယင်းနေ့တွင် ဆွမ်းလောင်းလှူပွဲနှင့် ရေစက်ချ တရားနာကြွရောက်ရန် ရပ်နီးရပ်ဝေးမှအလှူရှင်များအား ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန မူလတန်းကြိုကျောင်း၏ ကျောင်းဆင်းပွဲကို ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ ကျောင်းခန်းမ၌ မတ် ၂၁ရက်က ကျင်းပရာ ရင်သွေးငယ်တို့၏နှစ်ပါးစုံညီအကဖြင့် ဖျော်ဖြေမှုကို အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့်အဖွဲ့ ကြည့်ရှုအားပေးစဉ်။ (ပညာရေး)

မွေးနေ့ဆုတောင်း

သား **ရဲထွဋ်စိုး** ၏ ၂၇-၃-၂၀၀၇ရက် (တပ်မတော်နေ့)တွင် ကျရောက်သော (၂၂)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်း များစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး တိုင်းပြည်အကျိုး၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဖေဖေ – Dr.ကျော်စိုး (မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ကျောက်ပန်းတောင်းမြို့နယ်)
မေမေ – ဒေါ်ဆန်းဆန်း (အထက်တန်းသူနာပြု၊ ငြိမ်း)
မမကြီး – မဇင်မွန်မွန်စိုး B.A,(Business and Management) A.G.T.I (M.P)
ညီမလေး – ခိုင်မွန်မွန်စိုး (Third Year Myanmar)





(၄၁)နှစ်မြောက် မင်္ဂလာဆုတောင်း

ဖေဖေ ဦးစိန်ဝင်း(လက်ထောက်စက်ရုံမှူး၊ ငြိမ်း–စက်မှု[၁] ကွေ့/မြေ) နှင့် **မေမေ ဒေါ်ထွေးရီ (အလယ်တန်းပြ–ငြိမ်း၊အထက–၅၊ မြောက်ဥက္ကလာပ)** တို့၏ ၂၀၀၇ခုနှစ် တပ်မတော်နေ့တွင် ပြည့်မြောက်သော မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း များစွာတိုင် ကျန်းမာချမ်းသာ အေးချမ်းစွာလက်တွဲလျက် ဝိပဿနာတရားများ အထူးကြိုးစားပွားများ အားထုတ်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

သားကြီး – ဗိုလ်မှူးမျိုးထွဋ်ဝင်း(ငြိမ်း) လ/ထညွှန်ကြားရေးမှူး၊ စွမ်းအင်ဝန်ကြီးဌာန–ဒေါ်ယုယုဆွေ B.Sc (Chem.)
သားလတ် – (ယာယီတပ်ခွဲမှူး ဗိုလ်မှူး) ဗိုလ်ကြီးမျိုးထက်ဝင်း (D.S.A)–ဒေါ်ခင်သီတာထွေး B.A (Geo.)
သားငယ် – ဗိုလ်မှူးသာထူးဝင်း (D.S.A)–ဒေါ်အိအိကျော် B.A(Eco.)
သားလေး – ဗိုလ်ကြီးဇော်ထွန်းဝင်း(ရေစကြို)–ဒေါ်မြင့်မြင့်လှိုင် B.A.(His.)
သမီးထွေး – ဒေါ်စုသီတာ (လ/ထမန်နေဂျာ၊ ပခုက္ကူဘဏ်ခွဲ၊ အင်းဝဘဏ်လီမိတက်)
ချစ်မြေးများ – အောင်ထက်(ခေါ်)အောင်မြင့်မြတ်၊ ခင်ပြည့်စုံ၊ သော်ညီညီဇေ၊ ထူးလှဲ့ရွှေရည်၊ မြတ်မဥ္ဇူကြိုင်၊ ကောင်းမြတ်ထွဋ်၊ ညိုလှဲ့ရည်၊ အိယမုံဖူး၊ ဖူးဖူး။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးဌေးဝင်း၏သမီး မမိုးမိုးသင်း ၁၂/သကတ(နိုင်)၁၄၆၄၃၁သည် မိဘဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိသဘောဆန္ဒအတိုင်း နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးဌေးဝင်း
၁၂/သကတ(နိုင်)၁၁၁၅၀၁။

ဒီကရီကိုအတည်ပြုလုပ်စေရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂)
တနင်္သာရီတိုင်းတရားရုံး၊ မြိတ်မြို့။
၂၀၀၇ခုနှစ် တရားမဇာရီမှုအမှတ်–၇
၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်–၂

ဒေါ်ထွေးထွေးသက် **နှင့်** ၁။ ဦးသန်းဦး
၂။ ဒေါ်စန္ဒာလွင်

(တရားနိုင်) **(တရားရှုံးများ)**

ဦးသန်းဦး၊ ဒေါ်စန္ဒာလွင် အမှတ် ၃၆၄၊ ဈေးအနောက်လမ်း၊ ဇရစ်ရပ်၊ ထားဝယ်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်–၂တွင်ကျရှိသည့် ဒီကရီအတည်ဇာရီပြုလုပ်ရန် ဤရုံးတွင် ဒေါ်ထွေးထွေးသက်က လျှောက်သည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူအခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၀၇ခုနှစ် ဧပြီ၆ရက် (၁၃၆၈ခုနှစ် တန်ခူးလပြည့်ကျော် ၅ ရက်) နံနက် ၁၀နာရီတွင် ရုံးရှေ့လာရောက်စေ။

၂၀၀၇ခုနှစ် မတ် ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မောင်ကြီး
တိုင်းတရားသူကြီး။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်နိုင်ဦး ကိုင်ဆောင်သော မှတ်ပုံတင်အမှတ် ၁၃/လရန(နိုင်)၁၀၅၅၆၇ နှင့် ယာဉ်မောင်းလိုင်စင်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဆက်သွယ်ရန် ဖုန်း–၅၀၄၄၇၆၊ ၅၀၅၃၆၂။**



ကျေးဇူးဆပ် ၈/တတက(နိုင်)၁၄၃၉၆၂ မောင်ရဲမင်းနောင် နိုင်ငံကူးလက်မှတ် အမှတ်–၇၄၆၈၃၁ မနလစာအုပ် ကျပျောက်သွားပါ၍ တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။ **ဆက်သွယ်ရန် ဖုန်း–၆၁၀၅၂၄။**

အခြေခံအဘိဓမ္မာ ရက်တိုသင်တန်း

ရန်ကုန် မတ် ၂၆

နွေရာသီ အဘိဓမ္မာ ရက်တိုသင်တန်းကို ဆူးလေရင်ပြင်တော်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်း သင်တန်းခန်းမ၌ ဧပြီ ၂ရက်မှ မေ ၃၁ရက်အထိ(စနေ၊ တနင်္ဂနွေနေ့များမှအပ) နေ့စဉ်မွန်းတည့်၁၂နာရီမှ မွန်းလွဲ၂နာရီအထိ ဓမ္မဒါနအဖြစ် သင်ကြားပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသူတိုင်း လာရောက်သင်ယူနိုင်သည်။ အသေးစိတ်သိလိုပါက ဖုန်း–၃၇၈၄၅၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က–ပ)

မီးလောင်သတင်း

ရန်ကုန် မတ် ၂၆

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ဟန်တဲရပ်ကွက်၌ မတ် ၂၄ရက်က ကလေး မီးခြစ်ဆော့ကစားရာမှ မီးလောင်မှုဖြစ်ပွားရာ အိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း။

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရေဦးမြို့ အောင်ချမ်းသာရပ်ကွက် နယ်မြေ(၉)၌ မတ် ၂၅ရက်တွင် မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားရာ အိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း။

အိုးအိမ်မဲ့

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် ဝါးရုံကျေးရွာအုပ်စု ဟိုင်ကြီးသက်ကျေးရွာ၌ မတ် ၂၅ရက်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ်ကိုးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူ ၅၇ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုန်းမြို့နယ်အတွင်းမိုင်းပေါက်ကွဲ အပြစ်မဲ့ပြည်သူတစ်ဦးဒဏ်ရာရရှိ

ရန်ကုန် မတ် ၂၆

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်မှု၊ ရပ်ရွာအေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုနှင့်ပြည်သူလူထု၏လုံခြုံမှုများထိခိုက်ပျက်ပြားအောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ညောင်းဦးရွာမှ မစန်းဦးသည် မတ် ၂၃ရက်တွင် မုန်းမြို့အရှေ့ဘက် ခုနစ်မိုင်ခန့်အကွာ တောထဲ၌ အင်ဖက်သွားကောက်စဉ် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းနင်းမိသဖြင့် ယာခြေမျက်စိအောက်ပြတ်ဒဏ်ရာရရှိခဲ့သည်။

မစန်းဦးအား မုန်းမြို့ဆေးရုံသို့ပို့ဆောင်၍ ကုသပေးလျက်ရှိကြောင်းသိရသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒသမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး အထိမ်းအမှတ် အမှိုက်ပုံးနှင့် အလှူငွေများ လှူဒါန်းပွဲ စစ်ကိုင်း၌ကျင်းပ

စစ်ကိုင်း မတ် ၁၅

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဒသမနှစ်အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ် အထိမ်းအမှတ် အိမ်သာခွက်များ လှူဒါန်းပွဲ အခမ်းအနားကို မတ် ၂ရက် မွန်းလွဲ ၁နာရီက စစ်ကိုင်းမြို့ ရန်နိုင်ရပ် အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၏ဇနီး ဒေါ်ဝေဝေခိုင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာမများနှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် စစ်ကိုင်းတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်က အမှာစကားပြောကြားပြီး သန့်ရှင်းရေး အမှိုက်ပုံးများနှင့် မုံရွာမြို့ အောင်မြသန်း ရေယာဉ်ပိုင်ရှင် ဦးမျိုးဝင်းလေး မိသားစုက အိမ်သာခွက် ၁၀၀ကို ပေးအပ်လှူဒါန်းရာ စစ်ကိုင်းခရိုင်ပညာရေးမှူး ဒေါ်နုနုရီက လက်ခံရယူသည်။

လက်ခံယူ

စစ်ကိုင်းမြို့နယ် အခြေခံပညာကျောင်း များအတွက် အိမ်သာဆောက်လုပ်ရန်နှင့် အိမ်သာခွက်များအတွက် မုံရွာမြို့ အောင်မြသန်း ရေယာဉ်ပိုင်ရှင်မိသားစုကငွေကျပ်၂၂၅၀၀၀နှင့်နယ်မြေခံတပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းက ငွေကျပ် ၅၀၀၀၀ကို ပေးအပ်လှူဒါန်းရာ တိုင်းကျန်းမာရေး ဦးစီးမှူး ဒေါက်တာကျော်ရှိန်က လက်ခံယူသည်။

ဝိုင်းဖွဲ့

အခမ်းအနားမစတင်မီ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သူနှင့် အဖွဲ့များသည် စစ်ကိုင်းမြို့ လေးကျွန်းမြေရပ်ရှိ ဓမ္မာရုံတွင် အမျိုးသမီးငယ်များနှင့် စကားဝိုင်းဖွဲ့ ဆွေးနွေးကြသည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်းများ

မီးဘေးကြိုတင်ကာကွယ်

မန္တလေးတိုင်း စစ်ကိုင်းလမ်းခွဲ စက်သုံးဆီအရောင်းဆိုင် (၀၆၁၂)တွင် မီးဘေးကြိုတင် ကာကွယ်ရေးအတွက်မတ်၂ရက်က မန္တလေးတိုင်း မီးသတ်ဦးစီးမှူး ရဲကျော်စွာဝင်းမြင့်၊ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးဇော်ဝင်းကျော်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ရွှေတို့ ကြည့်ရှုစစ်ဆေးကြစဉ်။ (၁၆၂)

ရွှေကျင်မြို့နယ် စည်ပင်သာယာဈေးကြီး မီးဘေးလုံခြုံရေးအတွက် မြို့နယ်စည်ပင်သာယာဈေးကြီးအတွင်း၌ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မီးဘေး ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို မတ် ၃ရက်က ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မေတ္တာမြို့ရှိရုံးများ ထားဝယ်ခရိုင်ဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

ထားဝယ် မတ် ၁၆

ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်မြင့်သန်းသည် မတ် ၈ရက် နံနက် ၈ နာရီက ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ထားဝယ်ခရိုင် မေတ္တာမြို့ရှိ ဌာနဆိုင်ရာရုံးများသို့ သွားရောက်စစ်ဆေးသည်။

ဆောင်ရွက်

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌသည် မေတ္တာမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများအား မေတ္တာမြို့ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

မြေနေရာ

ထို့နောက် ခရိုင်ဥက္ကဋ္ဌသည် မေတ္တာမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းစခန်း၊ စည်ပင်သာယာရေးအဖွဲ့ရုံးများနှင့် မေတ္တာမြို့တွင် ဆောက်လုပ်မည့် (၁၆)ခုတင်ဆံ့ ဆေးရုံဆောက်လုပ်ရန် ပြင်ဆင်ထားသည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။ **(အောက်ပုံ)**

(က-ပ)

ယင်လုံဆန်ခါဖုံးအုပ်ရောင်းချမှု

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မတ် ၁၄ရက်က ပေါက်တောမြို့ မြို့မဈေးကြီးအတွင်း အသား၊ ငါးများ ရောင်းချရာတွင် ယင်လုံဆန်ခါဖြင့် ဖုံးအုပ်ရောင်းချမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကျန်းမာရေး ပညာပေးသင်တန်း မောက်မယ်၌ ဖွင့်

မောက်မယ် မတ် ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကိုယ်ဝန်ဆောင် စိတ်ကျန်းမာရေး တီဘီ၊ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်၊ ငှက်ဖျားရောဂါဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်ခြင်း ပညာပေးသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၆ရက် မွန်းလွဲ ၁နာရီက မြို့နယ်ရုံးခန်းမ၌ ကျင်းပသည်။

သင်တန်းကာလ

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မိမိခင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းထွန်းဆွမ်က သင်တန်းပို့ချသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား စုစုပေါင်း၇၅ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

မုံရွာမြို့နယ်အတွင်း မီးဘေးတားဆီး မီးဘေးကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်

မုံရွာ မတ် ၃

မုံရွာခရိုင် မုံရွာမြို့နယ်အတွင်း မီးလောင်ဆုံးရှုံးမှုများ မဖြစ်ပွားစေရေး အတွက် မီးဘေးကာကွယ်ရေးဇာတ်တိုက် လေ့ကျင့်မှုကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀နာရီက မုံရွာမြို့ ဘုရားကြီးရပ်ကွက်ရှိ သီရိရတနာ ဈေးကြီးတွင် ကျင်းပသည်။

ဦးဆောင်

အဆိုပါ မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို စစ်ကိုင်းတိုင်း မီးသတ်ဦးစီးဌာနမှူး ဦးတင်မင်း၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယရဲမှူးကြီး စိန်မြနှင့် မုံရွာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာထွန်းတို့က ကြီးကြပ်ပြီး မုံရွာမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးဝင်းနိုင်က ဦးဆောင်၍ လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့သည်။

လေ့ကျင့်

ဇာတ်တိုက်လေ့ကျင့်ရာတွင်မီးသတ်ယာဉ် သုံးစီးနှင့်အတူ သန္ဓေမီးသတ်ရှစ်ဦး၊ အရန်မီးသတ် ၂၀၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဈေးမိဈေးဖများနှင့် ပြည်သူများပါဝင် လေ့ကျင့်ဆောင်ရွက်ကြသည်။**(ခရိုင် ပြန်/ဆက်)**

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဂျီတီစီကျောင်းသွားလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၈ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင် ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဒေါ်သန်းသန်းထွေးက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဝိဘင်္ဂပါဠိတော် ကျမ်းအတွက် ငွေလှူဒါန်း

ရန်ကုန် မတ် ၂၆

အဘိဓမ္မာပိဋကဝင် ဝိဘင်္ဂပါဠိတော်ကျမ်းအတွက်ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစက ပဏ္ဍိတအရှင်မြတ်ထံ တာမွေမြို့နယ် သတိပဋ္ဌာန်လမ်း ဒုတိယထပ် အမှတ်(၃၇)နေ ဒေါ်အေးကြိုင်၊ သားကြီး ဦးမျိုးဦး၊ သားငယ် ဒေါက်တာမျိုးသိုက် (P.hd)မိသားစုနှင့် ဒေါ်နှင်းမြိုင်၊ တူမ ဒေါ်စုထွေးအောင်မိသားစု၊ဗိုလ်တထောင်မြို့နယ် ၄၂ လမ်း အမှတ် ၁၁၂ နေ ဦးလှစိန်နှင့် သမီးဒေါက်တာ ညွှန့်ညွှန့်အား ရည်စူး၍ မိခင်ဒေါ်မြစိန်မိသားစု၊ လမ်းမတော် မြို့နယ် တတိယထပ် အမှတ် ၁၆၁ နေ နှစ်ဖက်မိဘများအား ရည်စူး၍ ဦးသိန်းရွှေ-ဒေါ်ဝင်းကြည်၊ ဦးထွန်းသိန်း-ဒေါ်ခင်အေးနွဲ့မိသားစု၊ သဃ်န်းကျွန်း မြို့နယ် ၁၆ ရပ်ကွက် မာလာမြိုင်လမ်း အမှတ် ၃၈၅ နေ ဒေါ်စိန်စိန် မိသားစု၊ သာကေတမြို့နယ် ထူပါရုံ ၈ လမ်း အရှေ့ ၁ရပ်ကွက် အမှတ် ၁၃၂၀ နေ ဒေါ်သန်းနွဲ့နှင့် မောင်နှမများ၊ တာမွေမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်း အမှတ် ၁၈ နေ ဦးအောင်လွင်-ဒေါ်စန္ဒာဝင်း၊ သား မောင်ဇော်မင်း၊ မောင်သန်းထိုက်စံ မိသားစု၊ မြောင်းမြမြို့ ၃ရပ်ကွက် စမ်းချောင်းလမ်းမကြီး အမှတ် ၉၇နေ ဦးကျော်သန်း-ဒေါ်ခင်ဝင်း၊ သမီး မသန္တာဝင်းမိသားစု၊ ကိုမင်းယု-မရီရီသန်း၊ သားတင်အောင်ဝင်းမိသားစု၊ မြောင်းမြမြို့ ၃ရပ်ကွက် စမ်းချောင်းလမ်းမကြီး ၃လမ်း အမှတ်(၄၁)နေ ကိုမျိုးအောင်-မညွှန့်ညွှန့်အေး၊ သမီး မအေးချမ်းဖြိုး၊ သားလေးမိသားစု၊ ရန်ကင်းမြို့နယ် ကျောက်ကုန်း အောင်ဇေယျလမ်း အမှတ် ၂၃/၉၉နေ ဖခင်ကြီးဦးဘမြိုင်-မိခင်ကြီးဒေါ်အေးသိန်း တို့အား ရည်စူး၍ ဒေါက်တာဇော်မြင့်သွင်-ဒေါ်မြဦးယဉ်မိသားစု၊ ရန်ကင်းမြို့နယ် ကျောက်ကုန်း အောင်ဇေယျလမ်း အမှတ် ၂၃/၉၉ နေ ဖခင်ကြီး ဦးသက်တင်-မိခင်ကြီး ဒေါ်ကြည်ကြည်တို့အား ရည်စူး၍ ဒေါက်တာဇော်မြင့်သွင် - ဒေါ်မြဦးယဉ်မိသားစုတို့က ကြေးပြားတစ်ချပ်စီ လာရောက်လှူဒါန်းကြသည်။

(က-ပ)

(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု

မိတ္ထီလာမြို့၌ ကတ္တရာလမ်းသစ်များဖွင့်ပွဲ ကျင်းပ

မိတ္ထီလာ မတ် ၂၃

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု သောအားဖြင့် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် မိတ္ထီလာမြို့ ပေါက်ချောင်းရပ်ကွက် (၃)လမ်း ကျီတော်ကုန်းရပ်ကွက် ဘုရင့်နောင်လမ်း၊ ဘုရင့်နောင်နှင့်မြရတနာ ဆက်သွယ်သည့် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်များ ဖွင့်ပွဲကို မတ် ၁၇ရက်က အဆိုပါ လမ်းမင်္ဂလာမုခ်ဦးများ၌ ကျင်းပသည်။

တင်ပြ

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်ဌေးနှင့် စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုနှင့် လမ်းဖြစ်မြောက် ရေးအဖွဲ့ဝင် ဦးခင်မောင်ထူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးကြသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေး

မန္တလေး မတ် ၁၂

မန္တလေး အောင်မြေသာစံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ၏ ကြီးကြပ်မှုဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်သော ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ရှင်သန်ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၆ ရက် နံနက် ၁၀ နာရီခွဲက ဒေါနဘွားရပ်ကွက် အောင်ရတနာ မုန့်တိုင်ဇရပ် ဓမ္မဗိမာန်တော်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစောဌေးက စာကြည့်တိုက်များ ရေရှည်တည်တံ့ ခိုင်မြဲရေးနှင့် ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စာကြည့်တိုက်ကော်မတီနှင့် စာကြည့်တိုက်မှူးတို့၏ လုပ်ငန်းတာဝန်များ၊ စာအုပ် စာစောင်များ တိုးပွားရရှိရေး၊ စာအုပ်များစနစ်တကျစာရင်း ပြုစုထိန်းသိမ်းထား ရှိရေးတို့ကို ဆွေးနွေးပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ရပ်မိရပ်ဖများ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ စာကြည့် တိုက်မှူးများက ပြန်လည်ဆွေးနွေးကြသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်း၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင် များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၆၂)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် မတ် ၂၆

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ မှုခင်းတပ်ဖွဲ့မှ ဒုရဲအုပ် ဇော်လေးဦး(လူမှုထူးချွန်တတိယဆင့်) **(အပေါ်ပုံ)**သည် မတ် ၁၉ရက်က အမှတ်(၁) တပ်မတော် သားဖွားမီးယပ် နှင့် ကလေးဆေးရုံကြီး ခုတင် (၃၀၀) မင်္ဂလာဒုံသို့ (၆၂)ကြိမ်မြောက် သွေး လှူဒါန်းခဲ့ကြောင်း သိရသည်။**(က-ပ)**

မြို့နယ်သတင်းများ

စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးဝင်း မောင် ဖေဖော်ဝါရီ ၉ရက်က မိုင်းပျင်းမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်ကို ကြည့်ရှု စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် အလှူငွေပေးအပ်ပွဲ ပေါင်မြို့၌ ကျင်းပ

ပေါင် မတ် ၁၆

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲ၊ အလှူငွေပေးအပ်ပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ပေါင်မြို့နယ် ကဒုံစီးရပ်ကွက် ပွင့်ဖူးဝေ စာကြည့်တိုက်ရှေ့၌ မတ် ၁၁ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ကဒုံစီး ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်အောင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးမှူးဒေါ်ချိုမြတ်မြတ် ထွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြ သည်။**(ယာပုံ)**

လှူဒါန်း

အခမ်းအနားတွင် ရပ်ကွက်ရပ်မိ ရပ်ဖ အလှူရှင်ဦးအောင်ဖေက ပွင့်ဖူးဝေ စာကြည့်တိုက်အတွက် အလှူငွေကျပ် တစ်သိန်းပေးအပ်လှူဒါန်းပြီး စေတနာ ရှင်များက သုတ၊ ရသစာအုပ် ၁၃၅ အုပ်ကို လှူဒါန်းရာ ကဒုံစီးရပ်ကွက် ဥက္ကဋ္ဌ ဦးမြင့်အောင်က လက်ခံရယူ သည်။ **(မြို့နယ် ပြန်/ဆက်)**

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူ ဒဏ် ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ဆုံးရှုံးမှု ကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန် တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါ အချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရ အေးမြသောနေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည် သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အို များအနေဖြင့် နေ့လည်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက် ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ပေါင်းတည်မြို့၌ အဘိုးအဘွားများအား ကန်တော့

ပေါင်းတည် မတ် ၂၃

ပဲခူးတိုင်း အနောက်ပိုင်း ပြည်ခရိုင် ပေါင်းတည်မြို့တွင် ၁၂၉၁ ခုနှစ်က ဖွားဦးဇွန်းတည်ထောင်ခဲ့သည့် သက် တမ်း(၇၇)နှစ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ဘိုးဘွားများအား ကန်တော့သည့် အခမ်းအနားကို မတ် ၁၈ရက် နံနက် ၇နာရီက စိန်ရတု ခန်းမကြီးတွင် ကျင်းပသည်။

ကျန်းမာရေး

အခမ်းအနားတွင် ဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးဝင်းဖေက အစီအစဉ် များကို ဖတ်ကြားတင်ပြရာ ဘိုးဘွား ရိပ်သာဥက္ကဋ္ဌ ဦးတင်ထွန်းက သုံးနှစ် အတွင်း စိန်ရတုခန်းမနှင့် အဘိုးဆောင်၊ အဘွားဆောင်သစ်၊ ဧည့်ဆောင်နှင့် စာကြည့်တိုက်၊ ဓိဝိတဒါနဆေးရုံ တည်ဆောက်ပြီး ဘိုးဘွားများ စား သောက်ရေး၊ ကျန်းမာရေးအတွက် ငွေကျပ်သိန်း ၂၁၀ စုဆောင်းထားရှိမှုကို တင်ပြသည်။

ထို့နောက် ဘိုးဘွားများကိုဒေါ်တင် ရီက ဝတ်စုံ ၃၉စုံ တန်ဖိုးငွေကျပ် တစ်သိန်းနှင့် လူမှုရေးအဖွဲ့အစည်း များက အဘိုးအဘွားများအား လှူဖွယ် ဝတ္ထုပစ္စည်းနှင့် အလှူငွေများ ပေးအပ် လှူဒါန်းကြသည်။

(၃၃၁)

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ကျန်းမာရေးဦးစီး ဌာနတွင် မတ် ၅ရက်က ကျင်းပသော မြို့နယ်အဆင့် ဝက်သက်ရောဂါ နှိမ်နင်းရေးစီမံချက်လုပ်ငန်းအသိပေး ဆွေးနွေးပွဲ အခမ်းအနားတွင် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မိုးထွန်းက အသက်(သုံး)နှစ်မှ (ငါး) နှစ်အတွင်းကလေးသူငယ်များအတွက် စိုးရိမ်စရာဖြစ်သော မြန်မာနိုင်ငံ ဝက်သက်ရောဂါအကြောင်းနှင့် ပတ် သက်၍ အကျယ်တဝင့် ရှင်းလင်း ပြောကြားစဉ်။ (၀၄၈)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးကို ရည်မျှော်လျက် ရန်ကုန်မြို့ အမှတ်(၃၀၆)အိုလံပစ်တာဝါ ဗိုလ်အောင်ကျော်လမ်းရှိ **K.B International Co., Ltd.** က အလှူငွေကျပ် သုံးသိန်းသုံးသောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူဆောင်ဆရာတော်(ပြည်တော်သာ) အရှင်စန္ဒန(ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ရွှေနဒီစာကြည့်တိုက်သို့ စာအုပ်မျိုးစုံလှူဒါန်း

လယ်ဝေး မတ် ၁၂

ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် ပိတောက်ချောင်ကျေးရွာအုပ်စုအတွင်းရှိ ပိတောက်ရွှေဝါ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်နှင့် လက်ပံခုံကျေးရွာ ရွှေနဒီ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ စာအုပ်မျိုးစုံအုပ် ၅၀ စီလှူဒါန်းပွဲနှင့် စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၄ရက် နံနက်က ပိတောက်ချောင်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးခင်မောင်မြင့်က ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ လူမှုရေးအဖွဲ့အစည်းဝင်များနှင့် တွေ့ဆုံ၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။ **(မြို့နယ်ပြန်/ဆက်)**

ကျေးဇူးရှင်မိဘများနှင့် မိခင်ကြီး ဒေါ်ဒေါင်းဆိုင်(၁၁) နှစ်ပြည့်အား ရည်စူး၍ ရန်ကုန်မြို့ အောက်ပုဇွန်တောင်လမ်းအမှတ်(၃၈၅) နေ ဦးစောနိုင်–ဒေါ်နုနုရီ၊ ညီမ ဒေါ်ပြုံးပြုံးရီနှင့် သား သမီး၊ မြေးများက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ၁၁၀၀၀၀ ကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူးဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မူးယစ်အသိပညာ ဆွေးနွေးပွဲ ဗဟန်း၌ ကျင်းပ

ရန်ကုန် မတ် ၂၆

ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး အသင်းနှင့် ဗဟန်းမြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ မူးယစ်အသိပညာပေးဟောပြောပွဲအား မတ်၂၂ရက် နံနက်က ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်းရှိ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံကြီး၌ ကျင်းပရာ ဗဟန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မွန်လတ်က တက်ရောက်၍အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းဥက္ကဋ္ဌ ဦးစံရှိန်နှင့် အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ဗဟို) မှ ဗဟိုကော်မတီဝင်များ ဖြစ်သည့် ဦးအောင်ညွန့်နှင့် ဦးစန်းဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်နှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်မူးယစ်ကြီးကြပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဟောပြောဆွေးနွေး

ဟောပြောဆွေးနွေးပွဲတွင် ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့မှ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်မှုမှုသန်းက မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဥက္ကဋ္ဌ ဦးစံရှိန်က မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် မိသားစုဝင်များ၏ ပြဿနာရပ်နှင့် ဆေးဖြတ်ပြီး၍ လူမှုဝန်ထမ်းဦးစီးဌာန၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးမျိုးသန်းက ပြန်လည်ထူထောင်ပြီးနောက် ရပ်ရွာအတွင်း ပြန်လည်ရောက်ရှိစဉ် ကြုံတွေ့ရမှုကို ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းဥက္ကဋ္ဌ ဦးစံရှိန်က မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ရာ လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရန် ကုန် တိုင်း မြောက် ဥ က္က လာ ပ မြို့နယ် ဥဇ္ဇနာ ၃ လမ်း (၈–၁၀၇)နေ မိခင် ဒေါ်ခင်ခင်အား အမှူထားပြီး သမီး မခင်မာဝင်း မွေးနေ့ အလှူအတွက် ဆွမ်းပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ် ချုပ် ရေး အ ဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မေတ္တာဂုဏ်ရည်ဆရာတော် ဓမ္မအလှူတော်ကျင်းပမည်

ရန်ကုန် မတ် ၂၆

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ၁၂ရပ်ကွက် မင်းလက်ဝါးလမ်း မေတ္တာဂုဏ်ရည်သာသနာ့ရိပ်သာ ပဓာနနာယကအရှင်ဝိဇယ(ကျောက်ပန်းတောင်း) အရှင်သူမြတ်သည် မကွေးတိုင်း ချောက်မြို့နယ် ဆားတောင်မဟာစည်သာသနာ့ရိပ်သာ၌ ဧပြီ၁ရက်မှ ၁၁ ရက် အထိ ညစဉ် ၇ နာရီအထိ လည်းကောင်း၊ ကျောက်ပန်းတောင်းမြို့ ကျောင်းစုရွာဓမ္မသဘင်၌ ဧပြီ ၁၄ရက်၊ ဧပြီ ၁၅ ရက် တလိုင်းကန်ရွာ ဓမ္မသဘင်၌ လည်းကောင်း၊ ဧပြီ ၁၆ရက် ငါ့သရောက်ရွာဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ကလေးလူငယ်တရားပွဲ

ရန်ကုန် မတ် ၂၆

မြတ်ဗုဒ္ဓ၏ ဘာသာရေးအခြေခံ သဘောတရားများကို ကလေးသူငယ်များ သိရှိနားလည်စေရန်နှင့် ယဉ်ကျေးလိမ္မာစေရန် ရည်ရွယ်၍ ကလေးလူငယ်တရားပွဲကို သဃ်န်းကျွန်းမြို့နယ် ၁၆/၄ ရပ်ကွက် စုပေါင်းဓမ္မာရုံ၌ မတ် ၃၀ရက်မှ ၃၁ရက်အထိ ညနေ ၃ နာရီခွဲမှစ၍ ကျင်းပမည်ဖြစ်ရာ လာရောက်တရားနာယူနိုင်ကြောင်း သိရသည်။ **(က–ပ)**

အတာသင်္ကြန် အထိမ်းအမှတ် အထူးဈေးရောင်းပွဲကျင်းပ

ရန်ကုန် မတ် ၂၆

Panasonic (S' pore) နှင့် Advanced Vision Co., Ltd. တို့ပူးပေါင်းစီစဉ်ကျင်းပသော မြန်မာအတာ သင်္ကြန်အထိမ်းအမှတ် အထူးဈေးရောင်းပွဲဖွင့်ပွဲကို မတ်၁၈ရက် ညနေပိုင်းက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

တည်ခင်း

အခမ်းအနားတွင် Advan ced Vision Co, Ltd မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းဝေက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး **(အောက်ပုံ)** မြန်မာအတာသင်္ကြန်အထိမ်းအမှတ် အထူးဈေးရောင်းပွဲ အစီအစဉ်များကို ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများအား ညစာဖြင့် တည်ခင်းဧည့်ခံသည်။

အရောင်းမြှင့်တင်ရေးကာလ မတ်၁၈ရက်မှ မေ ၃၁ရက်အတွင်း Panasonic အမှတ်တံဆိပ် အာမခံကတ်ပြားပါသည့် လျှပ်စစ်ပစ္စည်းများဖြစ်သည့် Plasma TV, LCD TV, Flat Color TV,DVD Hometheater, DVD Mini-Hifi, DVD Player, Digital Still Camera, ကျန်းမာရေးနှင့် အလှအပပစ္စည်းများ ဝယ်ယူသူတိုင်းအတွက် လက်ဆောင်ပစ္စည်းများ ရရှိမည့်အပြင် အထူးအခွင့်အရေးအဖြစ် ဝယ်ယူသည့် ပစ္စည်းတန်ဖိုးနှင့်ညီမျှသော ငွေသားပြန်အမ်းငွေကို ပြန်လည်ရရှိမည့် ကံစမ်းမဲအစီအစဉ်များ ပါရှိသည်။

ဝယ်ယူနိုင်

အာမခံကတ်ပြားပါသော ရုပ်သံပစ္စည်းများ၊ ကျန်းမာရေးနှင့် အလှအပသုံးပစ္စည်းများကို အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်များ၊ စူပါမားကက်များနှင့် Advanced Vision Co., Ltd. အမှတ်(၂၈၅) ဗိုလ်အောင်ကျော်လမ်း ဖုန်း–၂၅၆၆၂၀နှင့်၂၄၆၅၁၃ တို့တွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့နယ်သတင်းများ

ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာ့အေးစေတီတော်သို့ တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ကေတုမတီလမ်း အမှတ်(၆၂၅)နေ ဦးဝင်းလှိုင်–ဒေါ်သန္တာအောင်၊ သမီး ဖြိုးပြည့်စုံမိသားစုတို့က အနန္တော အနန္တငါးပါးဦးထိပ်ထားလျက် ရွှေသင်္ကန်းအတွက် အလှူငွေကျပ်သုံးသိန်းကို ဂေါပကအဖွဲ့ဝင်များထံ လှူဒါန်းစဉ်။ (က–ပ)

ဆိုင်ကယ်ခိုးမှု နေ့ချင်းဖော်ထုတ်နိုင်သူများ တန့်ဆည်မြို့၌ ဂုဏ်ပြုပွဲကျင်းပ

တန့်ဆည် မတ် ၁၂

ဆိုင်ကယ်ခိုးမှု နေ့ချင်းပြီးဖော်ထုတ်နိုင်သော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို မတ် ၂ ရက် နံနက် ၉ နာရီက တန့်ဆည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အောက်ပုံ)

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်မျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး တန့်ဆည်မြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအုပ်သိန်းဦးက ဇန်နဝါရီ ၂၈ ရက် နံနက်၁၁နာရီက ပျောက်ဆုံးသွားသော မော်တော်ဆိုင်ကယ်ကို ဇန်နဝါရီ၂၈ရက် ည၁၀နာရီတွင် ပြန်လည်ရရှိအောင်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်း ပြောကြားသည်။ ဆိုင်ကယ်ပိုင်ရှင်ဦးကျော်စိုးအောင်–ဒေါ်စုစုကျော် မိသားစုတို့က မြို့နယ်ရဲတပ်ဖွဲ့အတွက် ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ဆွေဆွေဝင်းက တာဝန်သိပြည်သူတစ်ဦးနှင့် တုတ္တလုပ်ကျေးရွာဥက္ကဋ္ဌတို့အား ဂုဏ်ပြုပစ္စည်းများ ပေးအပ်သည်။(မြို့နယ် ပြန်/ဆက်)

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ရေစကြို မတ် ၁၂

ရေစကြိုမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေး ရက်သတ္တပတ်လှုပ်ရှားမှု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို မတ် ၂ ရက် နံနက် ၈ နာရီက အမှတ် ၃ရပ်ကွက် ကမ်းနားလမ်းဘေးဝဲယာ တစ်လျှောက်၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြသည်။

(မြို့နယ် ပြန်/ဆက်)

27-3 (17) 1 3/27/07, 2:08 PM

ဟဲဟိုးမြို့ လောကစက္ကူသမ္မည္ ရွေသာလျောင်းဘုရားကြီး ပထမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့နယ် ဟဲဟိုးမြို့ လေသာတောင်ပေါ်တွင် တည်ထားကိုးကွယ်ထားသည့် လောကစက္ကူသမ္မည္ ရွေသာလျောင်းဘုရားကြီး၏ ပထမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးအား ၂၀၀၇ ခုနှစ် မတ် ၂၉ ရက်မှ ဧပြီ ၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေး၊ ရပ်နီးမှ ရဟန်းရှင်လူအပေါင်း ကြွရောက်ကြည်ညို သဒ္ဓါပွားများနိုင်ကြပါစေကြောင်း ဖိတ်ကြားအပ်ပါသည်။

ဘုရားပွဲကျင်းပရေးကော်မတီ။



ချိပ်ပိတ်တင်ဒါကြော်ငြာ

၁။ ပိစ်မြန်မာဂရု(ပ်)ကုမ္ပဏီလီမိတက်ပိုင်စက်ရုံ၊ စက်မှု(၁)လမ်း၊ (ရွှေပြည်သာစက်မှုဇုန်-၁)ရှိ လက်ရှိအသုံးပြုလည်ပတ်နေသည့် PE ဘူးဆွဲစက် Blow Molding Machine တစ်ခု၊ အဖုံးဆွဲစက်(Injection Molding Machine)နှစ်ခုနှင့် အသုံးမလိုသည့်ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ ချိပ်ပိတ်တင်ဒါပုံစံနှင့် စည်းကမ်းချက်တစ်စောင်လျှင် ကျပ် ၁၀၀၀နှုန်းဖြင့် ပိစ်မြန်မာဂရု(ပ်) ကုမ္ပဏီလီမိတက်(ရုံးချုပ်)တွင် ဝယ်ယူနိုင်ပါသည်။

၃။ ချိပ်ပိတ်တင်ဒါဈေးနှုန်း တင်သွင်းလွှာများကို နောက်ဆုံးကြော်ငြာပါသည့်နေ့မှ ခုနစ်ရက်အကြာ ညနေ ၁၆း၀၀နာရီ နောက်ဆုံးထား၍ ပီအမ်ဂျီ(ရုံးချုပ်)သို့ တင်သွင်းရမည်။

တင်ဒါရောင်းချရေးအဖွဲ့
ပိစ်မြန်မာဂရု(ပ်)ကုမ္ပဏီလီမိတက်(ရုံးချုပ်)
ဘုရင့်နောင်လမ်းမကြီး(ဆင်မလိုက်သဘော်ာကျင်းရှေ့)
(၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

မာလာတင်

အမျိုးသမီးကိုယ်ကာယအလှသင်တန်း

စာရင်းလက်ခံပြီ။ လူဦးရေကန့်သတ်သည်။
၂-၅-၂၀၀၇ရက် စမည်။ အမှတ်-၂၉၇၊ အခန်း-၆၊
စုံစမ်းချိန် နံနက် ၉နာရီမှ မဟာဗန္ဓုလပန်းခြံလမ်း။
ညနေ၆နာရီအတွင်း၊ ဖုန်း-၃၇၉၇၃၅၊ ၃၈၄၉၂၄။

Sunflower Gallery ၏အထူးသင်တန်း(၂)

ပန်းချီဦးမောင်မောင်သိမ်း (ပုသိမ်)၏
"အရောင်သီဝရီနှင့် ဆက်စပ်အနုပညာများ"

တစ်လသင်တန်း စနေ-တနင်္ဂနွေ(မွန်းတည့်၁၂နာရီမှမွန်းလွဲ၁နာရီ) ၅၄၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊ ဘလေဇွန်အနီး။

စုံစမ်းရန်-
Sunflower ၄၆၊ အောင်မင်းဂေါင် ၁လမ်း၊ သံလွင်လမ်း၊ ဝင်ဒါမီယာ
ပုံမှန်လူကြီးသင်တန်း- တနင်္လာ၊ ဗုဒ္ဓဟူး
ကလေးများအတွက် နွေရာသီနှင့် ပုံမှန်သင်တန်း(နံနက်၊ ညနေ)
ဖုန်း-၀၉-၅၁-၃၄၁၁၂၊ ၅၃၄၂၇၁။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
တရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်-(၅၇/၂၀၀၆)

မန်နေဂျာ	**နှင့်**	ဒေါ်စောလှ ပါ(၂)
မြန်မာ့စီးပွားရေးဘဏ်		ရွာကြီးကျေးရွာ
သာစည်မြို့။		သာစည်မြို့။
တရားနိုင်		**တရားရှုံး**

၂၀၀၀ပြည့်နှစ် တရားမကြီးမှုအမှတ်၂၃တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၇ခုနှစ် မေလ ၄ရက်၊(မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ကဆုန်လပြည့်ကျော် ၄ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

သာစည်မြို့နယ် ရွာကြီးကျေးရွာ ကွင်းအမှတ်(၁၈၁၀/ရွာကြီးတောင်) ဦးပိုင်အမှတ်(၇၃) မြေကွက်အမှတ်(၇၃) ဧရိယာ ၀ ဒသမ ၂၅၃ ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ (၃၆x၂၇)ပေ သွပ်မိုး၊ အုတ်ကာ၊ လူနေနှစ်ထပ်တိုက်၊ (၁၈x၆၈)ပေ သွပ်မိုး၊ကွန်ကရစ်ခင်း၊ မီးဖိုချောင်၊ (၂၇x၆၈) ပေ၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း စက်ရက်ကန်းရုံနှင့် စက်ပစ္စည်းများ။

လေလံကြမ်းခင်းဈေး ကျပ်(၅၅)သိန်း

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ခုနှစ် မတ်၁၉ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးတင့်
ခရိုင်တရားသူကြီး၊ မိတ္ထီလာမြို့။

ကျေးဇူးတင်ရှိခြင်း

၁၈-၃-၂၀၀၇ရက်တွင် ကွယ်လွန်သွားသော ဒေါ်ဝင်းကြည် (ထားဝယ်)၏ နာရေးကိစ္စအဝဝတွင် ကူညီကြသော ရပ်ကွက်သူ၊ရပ်ကွက်သားများနှင့် ထားဝယ်အသင်းမှ အမှုဆောင်များ၊ မိတ်ဆွေများ နာရေးကိစ္စတွင် လိုက်ပါပို့ဆောင်ကြသော ပုဂ္ဂိုလ်များနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

အမှတ် ၅၃၂၊ မင်းရဲကျော်စွာ ၅လမ်း၊ တ/ဥနေ
ဦးဘထွန်း(ထားဝယ်)နှင့် သားသမီးများ။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်သက်တင်
မော်လမြိုင် (တော်ကူးတံခွန်တိုင်)
အသက်(၅၅)နှစ်

၆-၃-၂၀၀၇ ရက်တွင် မမျှော်လင့်ဘဲ ကွယ်လွန်သွားတဲ့ အစ်မကြီးအတွက် ယူကျုံးမရ စိတ်ထိခိုက်ကြေကွဲရပါသည်။ တူ၊ တူမများနှင့်တကွ ဝမ်းနည်းကြေကွဲရပါသည်။ အစ်မကြီး ကောင်းရာဘုံဘဝသို့ ရောက်ရှိပါစေ။

မကြီးရဲ့မောင်
ဦးတင်မောင်လင်း-ဒေါ်သီတာဆန်း မိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်သက်တင်
မော်လမြိုင် (တော်ကူးတံခွန်တိုင်)
အသက်(၅၅)နှစ်

သားတို့ချစ်တဲ့ကြီးမေ(ဒေါ်ခင်သက်တင်)သည် ၁၆-၃-၂၀၀၇ရက် နံနက် ၁၀း၃၀ နာရီတွင် မမျှော်လင့်ဘဲ ကွယ်လွန်ကြောင်းကြားသိရ၍ ဖော်ပြနိုင်စွမ်းမရှိလောက်အောင် ယူကျုံးမရ စိတ်ထိခိုက် ကြေကွဲခဲ့ရပါသည်။ သားတို့ချစ်တဲ့ကြီးမေ ကောင်းရာဘုံဘဝသို့ ရောက်ရှိပါစေ။

အဝေးရောက်တူ၊ တူမများ၊
ဦးဇင်မျိုးအောင်၊ ဒေါ်အဲလစ်၊
ဦးသန်းလှိုင်၊ ဒေါ်ဇင်မျိုးလှိုင် မိသားစု။



သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အမှတ်(၄၃၀)၊ ၁၅လမ်း၊ ရွှေနံ့သာစံပြမြို့သစ် မင်္ဂလာဒုံမြို့နယ်တွင် နေထိုင်သော အဖ ဦးမြင့်ဝင်း ၁၄/ငပတ(နိုင်)၀၆၀၂၄၇၏ သမီးဖြစ်သူ မခင်နီလာဝင်း ၁၄/ငပတ(နိုင်) ၁၅၅၀၂၆သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ၂၃-၃-၂၀၀၇ ရက်တွင် မိမိသဘောဆန္ဒအလျောက် ထွက်သွားပါသဖြင့် ထိုနေ့မှစ၍ သူမအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြော်ငြာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)
ဦးမြင့်ဝင်း-ဒေါ်ခင်သန်းမြင့်။

ကန့်ကွက်နိုင်ပါသည်

အမှတ်(၅၄) ဈေးကြီးလမ်း၊ ဈေးကြီးအရှေ့ရပ်ကွက် ကြည့်မြင်တိုင်မြို့နယ် (၂၅ပေ x ပေ၅၀)အိမ်အား ရောင်းချမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ခင်မောင်ဦး ၁၂/ဥကတ(နိုင်)၀၁၂၇၇၄။

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်မျိုးသိန်း(ခ)လူလေး-ဒေါ်ဥမ္မာဝေတို့၏ ဖခင် ဦးမြမောင်(တိုက်ကြီး)သည် ၂၄-၃-၂၀၀၇ရက် (စနေနေ့)နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးခွေးလေး၊ ဒေါ်ကျင်မေ မိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့ အမှတ်(၁၃၇ ဒီ/၄)သံလွင်လမ်း ကမာရွတ်မြို့နယ်နေ ဒေါ်ကျင်တီ(ခ)လင်ကျိုတီ၏ ချစ်လှစွာခင်ပွန်း ဦးမြမောင်သည် ၂၄-၃-၂၀၀၇ရက် (စနေနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တူ၊ တူမများ။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၃၈၄၂ အမျိုးအမည် ဟွန်ဒါဝေ့(ဖ်)100 အမျိုးအစားဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဦးကျော်မြင့်ထွန်း မှတ်ပုံတင်အမှတ် ၁၀/မလမ(နိုင်) ၁၄၃၄၁၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**

ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)၊
မော်လမြိုင်မြို့။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း

ဦးကိုကြီး(ခ)ဦးထွန်းမြင့်(ခ) မိုဟာမက်ဟူစိန်

အသက်(၄၈)နှစ်

သံတွဲမြို့ ရတနာလမ်းနေ (ဦးရာဇာမီယာ-ဒေါ်စောမ)တို့၏ တစ်ဦးတည်းသောသား၊ (ဦးဘညွန့်)-ဒေါ်ညီမလေးတို့၏ သားသမက်၊ (ဟာဂျီဦးအိုစီးရာမန်)-ဟာဂျီမ ဒေါ်ခင်မြင့်၊ ဟာဂျီဦးကျော်ဇံ-ဟာဂျီမဒေါ်သန်းမြင့်၊ ဟာဂျီဦးလှဝင်း-ဟာဂျီမ ဒေါ်ခင်အေးမြင့်၊ ဦးသန်းဌေး-ဒေါ်ယဉ်မြင့်တို့၏မောင်၊ ဟာဂျီဦးချစ်လွင်-ဟာဂျီမ ဒေါ်ထွေးထွေးမြင့်တို့၏အစ်ကို၊ ကိုအောင်ခင်- မဇင်မာထွန်း၊ ကိုပြည့်ဖြိုးသူ-မယင်းမာထွန်း၊ မောင်ရာဇာထွန်း၊ မောင်ဝေယံထွန်းတို့၏ဖခင်၊ မလရိုပ်ဖြာ၏အဘိုး၊ ဒေါ်မိမိဝင်း၏ခင်ပွန်း၊ တူ၊ တူမ ၂၀တို့၏ ဦးလေးသည် ၂၃-၃-၂၀၀၇ရက် ညနေ၆း၀၀ နာရီတွင် အလ္လာရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၂၄-၃-၂၀၀၇ ရက် အဆွာရ်နမာဇ်အပြီးတွင် သံတွဲမြို့ မွတ်စလင်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း

M.M မိုဟာမက်မူဆာ(ခ) ဦးလှမောင်(ခရမ်း)

479 / 480 (A) ရုံ
သိမ်ကြီးဈေး
(ရွှေမောင်းဆေးတိုက်)
အသက် (၆၈)နှစ်

ရန်ကုန်တိုင်း ခရမ်းမြို့ စနေလမ်းနေ (ဦးလှဘော်-ဒေါ်အုန်း)တို့၏သားသမက်၊ (ဦးမောင်စိန်-ဒေါ်ညွန့်)တို့၏ သား၊ ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၁)ရပ်ကွက် မြရတနာလမ်း၊ အမှတ်၆၄၀နေ ဒေါ်ခင်လေး၏ခင်ပွန်း၊ (ဦးဘရှား)-ဒေါ်အမာ၊ (ဦးတင်ငွေ-ဒေါ်စိုးရီ)၊ ဟာဂျီ ဦးခင်မောင်ကြီး-ဟာဂျီမ ဒေါ်မြမြ၊ ဦးသန်းဝေ-ဒေါ်ညွန့်တင်တို့၏ ညီမောင်၊ ဦးမြင့်သိန်း- ဒေါ်သန်းမြင့်၊ (ဦးတင်ရွှေ)-ဒေါ်တင်ညွန့်၊ဦးမြင့်သောင်း -ဒေါ်ထွေးရီတို့၏ အစ်ကိုသည် ၂၃-၃-၂၀၀၇ ရက် နံနက် ၂း၁၅နာရီတွင် အထက်ပါနေအိမ်၌ အလ္လာရှင်မြတ်၏ အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဂျုမ်အာနမာဇ် အပြီးတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

အိမ်ရောင်းမည်

သဃ်န်းကျွန်း မြို့နယ် ဇဝန ရပ်ကွက်သီရိရောလမ်း၁၂ $\frac{1}{2}$ ပေ x ပေ ၅၀(ရေ+မီး)အစုံ နှစ်ထပ် တိုက်ခံ၊ ပျဉ်ကာ(ညှိနှိုင်းဈေး)။

ဖုန်း-၀၉-၅၁-၂၉၂၅၃၊
၀၉-၅၁-၁၆၃၈၅။

ဦးစံမြင့်

ဒု-ဦးစီးမှူး(ငြိမ်း)၊
ကော့မှူး-စက်မှုလယ်ယာ
အသက်(၇၄)နှစ်

ထားဝယ်မြို့နေ (ကျောင်းအုပ်ဆရာကြီးဦးလှဖေ-ဒေါ်သင်းလှ)တို့၏ သား၊ ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) ၁၈ရပ်ကွက် ဇင်ယော်လမ်း အမှတ်(၄၄)နေ ဒေါ်နွဲ့နွဲ့ခင်(လက်ထောက်မန်နေဂျာ၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း-ငြိမ်း)၏ ခင်ပွန်း၊ မောင်ခင်မောင်မြင့်(Bay Point Marine Co.,Ltd.)၊ မဝါဝါမြင့်(ပင်စင် ဦးစီးဌာန၊ ရန်ကုန်ရုံးချုပ်)၊ မသီတာမြင့် (ဒုတိယနှစ်၊ ဝါဏိဇ္ဇဗေဒ၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်)တို့၏ ဖခင်သည် ၂၄-၃-၂၀၀၇ရက်(စနေနေ့) နံနက် ၇း၄၅နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

နမ့်ခမ်းမြို့ဝင်မုခ်ဦးပြုလုပ်မှုကို ဖေဖော်ဝါရီ ၂၅ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမင်းစိုးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

မအူပင်မြို့နယ် ၂၀၀၇-၂၀၀၈ခုနှစ် ဂုန်လျှော်၊ ချဉ်ပေါင်လျှော်စိုက်ပျိုးထုတ်လုပ်မှု စီမံကိန်းတာဝန်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၆ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ စီမံကိန်းတာဝန်များကို မြို့နယ်ဥက္ကဋ္ဌ ဦးဘိုထွန်းက ကျေးရွာဥက္ကဋ္ဌများအား တစ်ဦးချင်းပေးအပ်စဉ်။ (၄၂၁)



ကလေးဝမြို့ မြို့မဈေး၌ ဈေးမီးသတ်တပ်ဖွဲ့နှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၁ရက်က ဓာတ်တိုက်လေ့ကျင့်နေမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဇင်၊ အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့် မီးသတ်ဦးစီးမှူး ဦးဇျက်စမားတို့ ကြည့်ရှုအားပေးစဉ်။ (၄၁၇)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ရောဝတီတိုင်းအတွင်းရှိ သစ်စက်နှင့် သစ်ထုတ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေး

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် အမှတ်(၃၁) သစ်စက် နန်ကသူတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တောရေးရာ)

ရန်ကုန် မတ် ၂၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ် ၂၅ ရက် နံနက်ပိုင်းတွင် ကြံခင်းမြို့နယ် အမှတ်(၁၀၅)သစ်စက်သို့ ရောက်ရှိပြီး စက်ရုံအတွင်း သစ်ခွဲစိတ် လည်ပတ်ပုံအဆင့်ဆင့်နှင့် ခွဲစိတ်ပြီး သစ်ခွဲသားများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် စက်ရုံ ရှင်းလင်းဆောင်၌ စက်ရုံမှူး လက်ထောက်မန်နေဂျာ ဦးဌေးလွင်က စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက်ရှင်းလင်းပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် အင်္ဂပူမြို့နယ် အမှတ်(၃၁) သစ်စက် နန်ကသူသို့ ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူး လက်ထောက်မန်နေဂျာ ဦးစောရိန်ဂျယ်လွင်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အထွေထွေမန်နေဂျာ ဦးခင်မောင်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဆက်လက်ပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်နှင့် ခွဲစိတ်ပြီး သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရေကြည်မြို့နယ် အမှတ်(၁၀၆) သစ်စက် သီတာကုန်းပြင်သို့ ရောက်ရှိပြီး ***စာမျက်နှာ ၉ ကော်လံ ၁*** ●

နေပြည်တော် တပ်မတော်ပန်းခြံသို့ အများပြည်သူများ ကြည့်ရှုလေ့လာ အပန်းဖြေနိုင်

နေပြည်တော် မတ် ၂၆

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနား ကျင်းပမည့် နေပြည်တော် စစ်ရေးပြကွင်းကြီးအတွင်းရှိ တပ်မတော်ပန်းခြံအား မတ် ၂၇ ရက် (တပ်မတော်နေ့)တွင် မွန်းတည့် ၁၂နာရီမှ ည ၉ နာရီအထိလည်းကောင်း၊ မတ် ၂၈ ရက်မှ မတ် ၃၁ ရက်အထိ နေ့စဉ်နံနက် ၇ နာရီမှ ည ၉ နာရီအထိ လည်းကောင်း ဖွင့်လှစ်ထားမည်ဖြစ်ရာ အများပြည်သူများ လာရောက်ကြည့်ရှုလေ့လာ အပန်းဖြေနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

NLD ပါတီ၏ လုပ်ရပ်များအပေါ် စိတ်ဝင်စားမှုမရှိ ယုံကြည်မှုမရှိ မြင်းခြံမြို့နယ်မှ ပါတီဝင်တစ်ဦး နုတ်ထွက်

ရန်ကုန် မတ် ၂၆

မန္တလေးတိုင်း မြင်းခြံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်လူငယ်တာဝန်ခံဖြစ်သူ ရန္တပိုကျေးရွာမှ ဦးဝင်းခိုင်သည် မတ် ၇ ရက်တွင် ၎င်း၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာကို ပေးပို့နုတ်ထွက်ခဲ့သည်။

မြင်းခြံမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းအနေဖြင့် NLDပါတီ၏ လုပ်ရပ်များအပေါ် စိတ်ဝင်စားမှုမရှိ၊ ယုံကြည်မှုမရှိတော့ကြောင်း၊ ပါတီတာဝန်များကိုလည်း ဆက်လက်လုပ်ကိုင်လိုစိတ်မရှိသဖြင့် ပါတီဝင်အဖြစ်မှ လည်းကောင်း၊ လူငယ်တာဝန်ခံ(၃)အဖြစ်မှ လည်းကောင်း နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း သတင်းဆောင်းပါး အညွှန်း

ကျေးရွာတစ်ရွာ၊ ကုန်ထုတ်လုပ်ငန်းတစ်ခု၊ နိုင်ငံအကျိုးပြု လုပ်ငန်းစီမံချက်ဖြင့် အံ့ဝင်ခွင်ကျဖြစ်နေသော မွန်ပြည်နယ် တံတားဦးကျေးရွာမှ စဥ္စအိုးလုပ်ငန်း

နနရီနှင့် တင်တင်ဝင်းတို့၏ သတင်းဆောင်းပါး (စာ - ၁၀)

တောင့်တင်းခိုင်မာသော ပေါ်တူဂီအသင်းဖြစ်ကြောင်း မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုပြောကြား

ကမ္ဘာတစ်လွှားအားကစား (စာ - ၁၂)

မိုးလေဝသအခြေအနေ

၂၇-၃-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

အပူချိန်

၂၆ - ၃ - ၂၀၀၇

နေပြည်တော်	၃၉	ဒီဂရီစင်တီဂရိတ်
မင်းတပ်	၃၀	ဒီဂရီစင်တီဂရိတ်
ဗန်းမော်၊သီပေါ၊ထားဝယ်	၃၄	ဒီဂရီစင်တီဂရိတ်
ရန်ကုန်(ကမ္ဘာအေး)	၃၇	ဒီဂရီစင်တီဂရိတ်
ညောင်ဦး	၃၉	ဒီဂရီစင်တီဂရိတ်
ပြည်	၄၀	ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၂	ဒီဂရီစင်တီဂရိတ်